# ကြေးမုံ
The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါးဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။ လောကဝဂ်(ဓမ္မပဒ-၁၇၀)


၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ ရက်၊ စနေနေ့။ Saturday, 12 July 2025 ၁၁၈၇၆


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# အပူပိုင်းဒေသ (၁၃)ခရိုင်အတွင်း ၂၀၂၅ ခုနှစ် မိုးရာသီလူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲတော်များ ကျင်းပ

## ယနေ့သစ်ပင်စိုက်ပျိုးမှုများဆောင်ရွက်ခြင်းသည် နောင်လာနောက်သားများအတွက် ကောင်းမွန်သည့်ပတ်ဝန်းကျင်ခံစားနိုင်ရန် အမွေခံကောင်းကို ဆောင်ရွက်ပေးခြင်းပင်ဖြစ်

**နေပြည်တော် ဇူလိုင် ၁၁**

မြန်မာနိုင်ငံတွင် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များ၊ မိုးခေါင်ရေရှားမှုနှင့် ပြင်းထန်သည့် အပူချိန်မြင့်တက်မှုများကို အဓိကရင်ဆိုင်ကြုံတွေ့နေရသည့် မြန်မာနိုင်ငံ အလယ်ပိုင်း အပူပိုင်းဒေသများဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊မန္တလေးတိုင်းဒေသကြီးတို့သည် မိုးနည်းသည့်ဒေသများဖြစ်ပြီး အပူဒဏ်ကို အများဆုံးထိတွေ့ခံစားရသည့် ဒေသများဖြစ်သည်။ သို့ဖြစ်ပါ၍ ရာသီဥတုပြောင်းလဲမှုနှင့် မိုးခေါင်ရေရှားမှုတို့ကို သဘာဝအခြေပြုဖြေရှင်းနည်းဖြစ်သည့် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ သဘာဝတောများထိန်းသိမ်းခြင်း၊ လေကာတန်းများစိုက်ပျိုးခြင်း၊ ရေရှည်တည်တံ့သောစိုက်ပျိုးနည်းစနစ်များ ကျင့်သုံးခြင်း၊ ရေအရင်းအမြစ်များ စနစ်တကျစီမံခြင်းစသည့် နည်းလမ်းများဖြင့် ဖြေရှင်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂




နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၅ ခုနှစ် မိုးရာသီလူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲတော်သို့ တက်ရောက်လာကြသူများက ပျိုးပင်များစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးစဉ်။

**ယနေ့ ဖတ်စရာ**


တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး လုပ်ငန်းကော်မတီ ဒုတိယအကြိမ်ညှိနှိုင်းအစည်းအဝေး ကျင်းပ — စာမျက်နှာ ၇

လူမှုစီးပွားဖွံ့ဖြိုးဖို့ သန်းခေါင်စာရင်းအချက်အလက်များကို အသုံးပြုစို့ — ဆောင်းပါး စာမျက်နှာ ၁၂

ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ အကောင်အထည်ဖော်ရေးကော်မတီ အစည်းအဝေးကျင်းပ — စာမျက်နှာ ၁၅

ကြေးမုံ

# နိုင်ငံ့စီးပွားမြှင့်တင်ရေး MSME လုပ်ငန်းများအားပေး

ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးတိုးတက်လာသောနိုင်ငံများ၏ ဖြစ်စဉ်ကိုကြည့်လျှင် နိုင်ငံအတွင်းရှိအသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) လုပ်ငန်းများသည် အခြေခံကျသည့် တွန်းအားများဖြစ်ကြောင်း တွေ့ရသည်။ MSME လုပ်ငန်းများသည် စီးပွားရေးကို နိုင်ငံအနှံ့တိုးတက်စေပြီး ပြည်သူများ၏ လူမှုစီးပွားဘဝများကို မြှင့်တင်နိုင်ကာ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်များစေလျက် ဆင်းရဲနွမ်းပါးမှုကို လျှော့ချပေးနိုင်သည့်အပြင် နိုင်ငံ့စီးပွားကို မြှင့်တင်ပေးနိုင်သည်။

စိုက်ပျိုးမွေးမြူရေး ထွက်ကုန်များကို အခြေခံသည့် MSME လုပ်ငန်းများမှာ အစောပိုင်းကတည်းက ပေါ်ထွန်းခဲ့သော်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ၂၀၂၁ ခုနှစ်ခန့်မှစပြီး အားပေးဆောင်ရွက်ခဲ့ရာ ယခုအခါတွင် အတိုင်းအတာတစ်ခုအထိ လုပ်ငန်းများလည်ပတ်ကာ အောင်မြင်မှုများရရှိနေသည်ကို တွေ့မြင်နိုင်သည်။ နိုင်ငံတကာတွင် MSME လုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိသလို မြန်မာနိုင်ငံတွင်လည်း အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိရာ အားနည်းချက်၊ လိုအပ်ချက်များရှိနေသေးသည်။ မြန်မာနိုင်ငံမှ MSME လုပ်ငန်းများကိုကြည့်လျှင် အများစုသည် စားသောက်ကုန်များဖြစ်နေသည်ကို တွေ့ရပြီး အခြားဈေးကွက်ဝင်ထုတ်ကုန်များ၊ စက်မှုထုတ်ကုန်များ၊ လယ်ယာလုပ်ငန်းသုံးထုတ်ကုန်များ ထုတ်လုပ်ရန်လိုအပ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဇူလိုင်လ ၂ ရက်နေ့တွင်နိုင်ငံတော်၏စီးပွားတိုးတက်စေရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် “မိမိတို့အနေဖြင့် MSME လုပ်ငန်းများ အားပေးဆောင်ရွက်ရာတွင် ပြည်တွင်းမှထွက်ရှိသည့် ကုန်ကြမ်းပစ္စည်းများကို အဓိကထား၍ ထုတ်ကုန်ပစ္စည်းများ ပိုမိုတိုးတက်ထုတ်လုပ်ပြီး ပြည်ပသို့ တိုးမြှင့်တင်ပို့နိုင်ရန်လိုကြောင်း၊ ကုန်ထုတ်လုပ်မှုများဆောင်ရွက်ရာတွင် ဈေးကွက်လိုအပ်ချက်ရှိသည့် ထုတ်ကုန်များကို အဓိကထား၍ ပမာဏများများဖြင့် အရည်အသွေး ကောင်းမွန်စွာ ထုတ်လုပ်ရောင်းချနိုင်ရန် လိုအပ်ကြောင်းနှင့် ထွက်ကုန်ပစ္စည်းများ ထုတ်လုပ်ရေးကို ဥပမာများဖြင့် လမ်းညွှန်ပြောကြားသွားခဲ့သည်။

ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် ကိုယ်တိုင်ပြုပြင်ပြောင်းလဲပြီး ကိုယ်တိုင်ထုတ်လုပ်သည့် ထုတ်ကုန်များရှိသကဲ့သို့ သဘာဝမှ ဖန်တီးပေးထားသည့်အတိုင်း ထုတ်လုပ်၍ရသည့် ထုတ်ကုန်ပစ္စည်းများလည်းရှိသည်။ ဥပမာအားဖြင့် သဘာဝအတိုင်းပေါက်ရောက်လျက်ရှိသည့် ဝါးနှင့်ပတ်သက်၍ ထုတ်ကုန်ပစ္စည်းများ များစွာထုတ်လုပ်နိုင်မည်ဖြစ်သည်။ သဘာဝထွက်ကုန်များကို အကျိုးရှိရှိ ပြောင်းလဲအသုံးချနိုင်မည်ဆိုပါက နိုင်ငံ့ဝင်ငွေများစွာ ရရှိမည်ဖြစ်သည်။ စိုက်ပျိုးသီးနှံများနှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် ဝါစိုက်ဧက ငါးသိန်းခန့်ရှိသည်။ ဝါကိုအခြေခံသည့် စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံ့စီးပွားမြှင့်တင်ရေးကို အထောက်အကူများစွာဖြစ်စေနိုင်သည်။ “ဝါသီးနှံသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အလားအလာကောင်းသည့် သီးနှံတစ်ခုဖြစ်သဖြင့် အားပေးတိုးချဲ့ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဝါနှင့် ဝါးကို နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် အဓိကလုပ်ငန်းများအဖြစ် ထည့်သွင်းဆောင်ရွက်သင့်ကြောင်း” နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အကြံပြုထားသည်။

ပြည်ပသွင်းကုန်အစားထိုးရန်၊ ပြည်တွင်းစီးပွားရေးကို အားပေးရန်၊ အရည်အသွေးပြည့်မီသည့် ထုတ်ကုန်ပစ္စည်းများထုတ်လုပ်၍ ပြည်ပသို့တင်ပို့ကာ နိုင်ငံခြားငွေရှာဖွေနိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် MSME လုပ်ငန်းများကို အားပေးဆောင်ရွက်နေခြင်းဖြစ်သည်။ MSME လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုန်ကြမ်းများရရှိရေးသည် အရေးကြီးသည့်အချက်ဖြစ်သဖြင့် ဒေသအလိုက်ထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများကို အခြေခံသည့် MSME လုပ်ငန်းများ ဦးစားပေးဆောင်ရွက်စေခြင်းဖြစ်သည်။ သွင်းအားစုများဖြစ်သည့် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ စက်မောင်းဆီနှင့် လျှပ်စစ်ဓာတ်အားများ ဖြည့်ဆည်းပေးရန်လိုသည်။ ငွေကြေးအရင်းအနှီး၊ နည်းပညာနှင့် လူသားအရင်းအမြစ်ကောင်းများ ပြည့်စုံရန်လိုသည်။

MSME လုပ်ငန်းများသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျပြီး ပုံစံအမျိုးမျိုးသော စီးပွားရေးစနစ်များတွင် အခြေခံအကျဆုံး စီးပွားရေးလုပ်ငန်းစုဖြစ်သည်။ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပါက စီးပွားရေးမတည်ငြိမ်သည့်ကာလများ၌ပင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ထိန်းကျောင်းပေးနိုင်စွမ်းရှိသည်။ MSME လုပ်ငန်းများမှတစ်ဆင့် နိုင်ငံအတွင်း ငွေကြေးစီးဆင်းလည်ပတ်မှုကို စဉ်ဆက်မပြတ်ဖြစ်ပေါ်စေပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှု၏ အညွှန်းကိန်းတစ်ခုဖြစ်သည့် ပြည်တွင်းအသားတင်ထုတ်လုပ်မှု GDP ကို တိုးတက်မြင့်မားလာစေသည်။

သို့ဖြစ်ရာ နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာစေရေး ဆောင်ရွက်ရာတွင် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကမောင်းနှင်အားဖြစ်သဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် MSME လုပ်ငန်းများ နိုင်ငံတကာနှင့်တန်းတူ ဖွံ့ဖြိုးတိုးတက်လာစေရန် ဝိုင်းဝန်းမြှင့်တင်အားပေးကြရမည်ဖြစ်ပါကြောင်း။ ။

# လျှော်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇူလိုင် ၁၁

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ် ခြောက်ခုတို့တွင် ယနေ့အထိ သေဆုံးသူ ၃၇၇၀၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၃၈ ဦး ရှိသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့အနေဖြင့် ရှင်းလင်းရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၄၈ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်း၊ ပြည်ပမှ စေတနာရှင် အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းမှုများအတွက် ဆက်လက်သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်သည်။ **သတင်းစဉ်**

# အင်အားအနည်းငယ်ရှိသော မြေငလျင်များ လှုပ်ရှား

နေပြည်တော် ဇူလိုင် ၁၁

ယနေ့နံနက် ၆ နာရီ ၅၆ မိနစ် ၃ စက္ကန့်တွင် တမူးမြေငလျင်စခန်းမှ မြောက်-အရှေ့မြောက်ဘက် ၁၁၉ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း(ခန္တီးမြို့၏ အနောက်တောင်ဘက် မိုင် ၃၀ ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၅ ဒသမ ၆၇ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၃၆ ဒီဂရီ၊ အနက် ၈၅ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၄ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

အလားတူ ယနေ့ညနေ ၅ နာရီ ၄၁ မိနစ် ၂၉ စက္ကန့်တွင် နမ့်စန်မြေငလျင်စခန်းမှ မြောက်-အနောက်မြောက်ဘက် ၅၆ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း(မိုင်းကိုင်မြို့၏ အနောက်-အနောက်မြောက်ဘက် ခြောက်မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၁ ဒသမ ၆၅ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒသမ ၄၄ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၄ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ မိုး/ဇလ

# သောင်ရင်းမြစ်ရေ မြဝတီမြို့တွင် စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

နေပြည်တော် ဇူလိုင် ၁၁

ယနေ့ညနေ ၄ နာရီခွဲ တိုင်းထွာချက်အရ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် သုံးပေခွဲကျော်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မြဝတီမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ မိုး/ဇလ

## ၁၁ - ၇ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၈၉၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၁- ၇ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၆,၆၀၀ | ၇,၀၀၀ | ၈၀ | ၅၃၉,၄၀၀ |
| MTSH | ၃,၂၀၀ | ၃,၁၅၀ | ၃,၆၆၀ | ၁၁,၆၆၁,၃၀၀ |
| MCB | ၇,၂၀၀ | ၇,၄၀၀ | ၃ | ၂၂,၀၀၀ |
| FPB | ၂,၀၀၀ | ၂,၀၀၀ | ၂,၁၇၃ | ၄,၃၄၆,၀၀၀ |
| TMH | ၂,၆၅၀ | ၂,၆၀၀ | ၅၅၈ | ၁,၄၇၆,၈၀၀ |
| EFR | ၁,၆၀၀ | ၁,၇၀၀ | ၂,၇၄၈ | ၄,၅၆၉,၂၀၀ |
| AMATA | ၃,၇၅၀ | ၃,၈၀၀ | ၁,၆၀၇ | ၅,၉၉၈,၉၅၀ |
| MAEX | ၃,၁၅၀ | ၃,၁၅၀ | ၁၁၀ | ၃၄၆,၅၀၀ |
| MADPL(PLB) | ၃,၁၅၀ | ၃,၀၀၀ | ၇၁ | ၂၁၃,၁၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| **ခေတ္တ စာတည်းမှူး** | - ဦးအေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| | | **စာပြင်** | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန် စာတည်းများ** | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံ သံတမန်ဆက်ဆံရေး ထူထောင်သည့် နှစ်(၇၀) ပြည့်အထိမ်းအမှတ် အခါသမယတွင် ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အပြန်အလှန်ပေးပို့

၂၀၂၅ ခုနှစ် ဇူလိုင်လ ၁၂ ရက်တွင် ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ကမ္ဘောဒီးယားနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေးထူထောင်သည့် နှစ် (၇၀) ပြည့်အထိမ်းအမှတ် အခါသမယတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံဘုရင်မင်းမြတ် ပရယ်ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီ ၊ ကမ္ဘောဒီးယားနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ ဆမ်ဒက် အာခါ မိုဟာ ဆီနာ ပါတိုင်း တဲ့ချို ဟွန်ဆင် နှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်မဟာပဝရဓိပတိ ဟွန်မာနိုက် တို့သည်လည်းကောင်း၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး မစ္စတာ ပရက် ဆုတ်ခ်ခွန်းတို့ သည်လည်းကောင်း ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီးအပြန်အလှန်ပေးပို့ခဲ့ကြသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်။**

## မြန်မာနိုင်ငံနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံတမန်ဆက်ဆံရေးထူထောင်သည့် နှစ် (၇၀) ပြည့်အထိမ်းအမှတ် အခါသမယတွင် ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အပြန်အလှန်ပေးပို့

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်တွင် ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေး ထူထောင်သည့် နှစ် (၇၀) ပြည့် အထိမ်းအမှတ် အခါသမယတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် လာအိုနိုင်ငံသမ္မတ မစ္စတာ ထောင်လွန်း ဆီဆုလစ်၊ လာအိုနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆုံဆိုင်း ဆီဖန်ဒုံ တို့သည်လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် လာအိုနိုင်ငံ ဒုတိယသမ္မတ မစ္စစ် ပါနီး ယာထော်တူးတို့သည်လည်းကောင်း၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးသန်းဆွေနှင့် လာအိုနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ထောင်ဆာဗန် ဖုန်ဗီဟေး တို့သည်လည်း ကောင်း ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီးအပြန်အလှန်ပေးပို့ခဲ့ကြသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်။**

- ★ **အညာဒေသ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပျိုးပွဲကို နိုင်ငံတော်အဆင့် ဆောင်ရွက်သည်မှာ ပထမဆုံးအကြိမ်ဖြစ်**
- ★ **သစ်ပင်စိုက်ပျိုးခြင်းကြောင့် အပူချိန်မှာ ချက်ချင်းလက်ငင်း လျော့ပါးသွားမည်မဟုတ်လည်း သစ်ရိပ်ဝါးရိပ်များ၏ အရိပ်အာဝါသရှိမည်ဆိုပါက အပူဒဏ်ကို တတ်နိုင်သမျှ လျော့ပါးစေမည်**
- ★ **စိမ်းလန်းစိုပြည်သည့် မြင်ကွင်းများကို မြင်တွေ့ရခြင်းဖြင့် မျက်စိပသာဒကို ဖြစ်ပေါ်စေပြီး လူများ၏ စိတ်နှလုံးကိုလည်း အေးမြစေသည့် အကျိုးကျေးဇူးကိုရရှိစေ**
- ★ **အပူပိုင်းဒေသ ၁၃ ခရိုင်၌ ပျိုးပင်ပေါင်း ၃၄၉၅၀ အား စိုက်ပျိုးသွားမည်**

✪ ရှေ့ဖုံးမှ




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တမာပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။

ထိုသို့ဆောင်ရွက်သည့်အနေဖြင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန အပူပိုင်းဒေသ ၁၃ ခရိုင်အတွင်းရှိ မြို့နယ် ၂၉ မြို့နယ်၌ ၂၀၂၅ ခုနှစ် မိုးရာသီလူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲတော်များကို ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့ရှိ သတ်မှတ်နေရာများအသီးသီး၌ တစ်ချိန်တည်းတစ်ပြိုင်တည်း ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် လိန်တောကြိုးပြင်ကာကွယ်တောနေရာ၌ ကျင်းပပြုလုပ်သည့် သစ်ပင်စိုက်ပျိုးပွဲတော်သို့ တက်ရောက်၍ တမာပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

အဆိုပါ မိတ္ထီလာခရိုင် လိန်တောကြိုးပြင်ကာကွယ်တောနေရာ၌ပြုလုပ်သည့် သစ်ပင်စိုက်ပျိုးပွဲတော်သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးညိုစော၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဦးလှမိုး၊ ဦးခင်မောင်ရီ၊ ဒေါက်တာညွန့်ဖေ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ မိတ္ထီလာခရိုင် အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အပူပိုင်းဒေသ ၁၃ ခရိုင်အတွင်း ၂၀၂၅ ခုနှစ် မိုးရာသီလူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲများ ကျင်းပရခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားရာတွင် ယခုကဲ့သို့ **အညာဒေသ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပျိုးပွဲကိုနိုင်ငံတော်အဆင့် ဆောင်ရွက်သည်မှာ ပထမဆုံးအကြိမ်ဖြစ်**ကြောင်း၊ ယခုကဲ့သို့သစ်ပင်စိုက်ပျိုးခြင်းသည် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် ကောင်းမွန်သည့်ဆောင်ရွက်ချက်ပင်ဖြစ်ပြီး ပတ်ဝန်းကျင်ကောင်းအောင် ဆောင်ရွက်ပေးခြင်းပင်ဖြစ်ကြောင်း၊ အထူးသဖြင့် မိတ္ထီလာဒေသအပါအဝင် အညာဒေသ ၁၃ ခရိုင်သည် ပူပြင်းသည့်ရာသီဥတုရှိသည့် ဒေသများဖြစ်ပြီး နှစ်စဉ်နှစ်တိုင်း ရာသီဥတုပူပြင်းသည့်ဒဏ်ကို ခံစားကြရကြောင်း၊ ၂၀၂၄ ခုနှစ်တွင် ပုဂံ၊ ချောက်၊ ရေနံချောင်း၊ မင်းဘူး စသည့် ဒေသများသည် ကမ္ဘာတွင်အပူဆုံးဒေသအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း။

မိမိကိုယ်တိုင် ချောက်ဒေသသို့သွားရောက်စဉ်ကလည်း ရာသီဥတုပူပြင်းမှုကို ခံစားခဲ့ရကြောင်း၊ ရာသီဥတုပူပြင်းချိန်တွင် လူများ၏နေထိုင်မှုဒုက္ခရောက်ကြရကြောင်း၊ ထို့ကြောင့် ရာသီဥတုပူပြင်းမှုကို တစ်ဖက်တစ်လမ်းမှ လျှော့ချနိုင်ရန်အတွက် သစ်ပင်စိုက်ပျိုးခြင်းသည် နည်းလမ်းတစ်ခုအနေဖြင့် ဖြေရှင်းဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ ကမ္ဘာကြီးတွင် ရာသီဥတုများဖောက်ပြန်ပြောင်းလဲနေပြီး သဘာဝဘေးအန္တရာယ်မျိုးစုံကိုကြုံတွေ့နေရကြောင်း၊ သဘာဝဘေးအန္တရာယ်ဆိုသည်မှာ တားဆီး၍ မရသော်လည်းလူများ၏ ကြိုတင်ကာကွယ်ဖန်တီးမှုများဖြင့် သက်သာလျော့ပါးအောင် ဆောင်ရွက်၍ရကြောင်း၊ ယခုမိမိတို့ **သစ်ပင်စိုက်ပျိုးခြင်းကြောင့် အပူချိန်မှာ ချက်ချင်း လက်ငင်းလျော့ပါးသွားမည်မဟုတ်လည်း သစ်ရိပ်ဝါးရိပ်များ၏ အရိပ်အာဝါသရှိမည် ဆိုပါက အပူဒဏ်ကို တတ်နိုင်သမျှ လျော့ပါးစေမည်ဖြစ်**ကြောင်း၊ **စိမ်းလန်းစိုပြည်သည့် မြင်ကွင်းများကို မြင်တွေ့ရခြင်းဖြင့် မျက်စိပသာဒကိုဖြစ်ပေါ်စေပြီး လူများ၏ စိတ်နှလုံးကိုလည်း အေးမြစေသည့် အကျိုးကျေးဇူးကိုရရှိစေ**ကြောင်း၊ ထို့ကြောင့် မိမိတို့ အနေဖြင့် နိုင်ငံတော်တာဝန်ထမ်းဆောင်ချိန်မှစ၍ နိုင်ငံတစ်ဝန်းသစ်ပင်စိုက်ပျိုးပွဲတော်များကို စဉ်ဆက်မပြတ်ဆောင်ရွက်ပြီး သစ်ပင်များစိုက်ပျိုးလျက်ရှိသကဲ့သို့ တပ်မတော်အနေဖြင့်လည်း စဉ်ဆက်မပြတ် စိုက်ပျိုးဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းသည် နိုင်ငံအတွက် အကျိုးရှိသည့် လုပ်ငန်းတစ်ရပ်ပင်ဖြစ်ကြောင်း။

ယနေ့တွင် အပူပိုင်းဒေသ ၁၃ ခရိုင်၌ ပျိုးပင်ပေါင်း ၃၄၉၅၀ အား စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ယခုနေရာများသည် ယခင်ကတည်းက စိုက်ပျိုးခဲ့သည့် နေရာများဖြစ်ကြောင်း၊ သို့သော်ရှင်သန်မှုများ အားနည်းခြင်း၊ ဒေသလိုအပ်ချက်အရ သစ်ပင်များ တရားမဝင်ခုတ်ထွင်ခြင်းများကြောင့် ထိုက်သင့်သလောက် အကျိုးမရရှိခဲ့ကြောင်း၊ ယခုကဲ့သို့ သစ်ပင်စိုက်ပျိုးပွဲများကျင်းပခြင်းကြောင့် အချိန်၊ လူအင်အားနှင့် ငွေကြေးကုန်ကျမှုများရှိကြောင်း၊ ထို့ကြောင့်မိမိတို့စိုက်ပျိုးသည့်အပင်များ "တစ်ပင်စိုက်၊ တစ်ပင်ရှင်" ဖြစ်အောင် စနစ်တကျစိုက်ပျိုးထိန်းသိမ်းသွားကြရန်လိုကြောင်း၊ မိမိတို့စိုက်ပျိုးသည့် အပင်များအားလုံးရှင်သန်စေရန်အတွက် တာဝန်ရှိသူများက စနစ်တကျဆက်လက်ထိန်းသိမ်းခြင်းလုပ်ငန်းများကို စေတနာထား၍ ဆောင်ရွက်သွားကြရန် လိုကြောင်း။

စာမျက်နှာ ၄ သို့ ✪





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မိတ္ထီလာစီးပွားရေးတက္ကသိုလ်၌ မန္တလေးငလျင်ကြီးကြောင့်ဖြစ်ပေါ်ခဲ့သည့် ထိခိုက်ပျက်စီးမှုများအား ကြည့်ရှုစစ်ဆေးစဉ်။

✪ စာမျက်နှာ ၃ မှ

မိမိတို့နိုင်ငံတွင် သစ်တောဖုံးလွှမ်းမှုများ ကျဆင်းလာကြောင်း၊ ယခုအခါ ၄၂ ဒသမ ၁၉ ရာခိုင်နှုန်းခန့်သာ ကျန်ရှိတော့ကြောင်း၊ တစ်နိုင်ငံလုံး သစ်တောဖုံးလွှမ်းမှု ဧရိယာ ၅၀ ရာခိုင်နှုန်းပြန်လည်ရရှိစေရေး သစ်ပင်စိုက်ပျိုးပွဲများကို ကျင်းပပြုလုပ်၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ သစ်ပင်စိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးများကို လက်ငင်းခံစား၍ မရနိုင်သော်လည်း နောင် ၇ နှစ် ၈ နှစ်ခန့်တွင် ခံစားရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့်လည်း ယခင်က စိုက်ပျိုးထိန်းသိမ်းခဲ့မှုများကြောင့် သစ်ကြီးဝါးကြီးများ၏ အရိပ်အာဝါသကို ခံစားရခြင်းဖြစ်ကြောင်း၊ မိမိတို့၏ လာမည့်သားစဉ်မြေးဆက်ကိုလည်း ထိုသို့ခံစားရစေလိုသည့်စိတ်ဖြင့် ဆောင်ရွက်သွားကြရန်လိုကြောင်း။

သစ်တောသစ်ပင်များ ထိန်းသိမ်းဆောင်ရွက်ခြင်းသည် ကောင်းမွန်သည့် ဆောင်ရွက်ချက်ပင်ဖြစ်ကြောင်း၊ လမ်းဘေးဝဲယာတွင်လည်း သစ်ပင်များ စိုက်ပျိုးရန်လိုပြီး ခရီးသွားပြည်သူများအနေဖြင့် သစ်ပင်များစိမ်းစိုနေမှုကိုကြည့်၍ မျက်စိပသာဒကို ရရှိပြီး စိတ်ချမ်းသာမှုကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပတ်ဝန်းကျင်ကို စိမ်းလန်းစိုပြည်အောင် ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ယနေ့သစ်ပင်စိုက်ပျိုးမှုများဆောင်ရွက်ခြင်းသည် နောင်လာနောက်သားများအတွက် ကောင်းမွန်သည့် ပတ်ဝန်းကျင်ခံစားနိုင်ရန်အတွက် အမွေခံကောင်းကို ဆောင်ရွက်ပေးခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ အချိန်နှင့် ငွေကြေးအင်အား၊ လူအင်အားများကို အသုံးပြု၍ဆောင်ရွက်ချိန်တွင် နိုင်ငံအတွက် အကျိုးရှိအောင်ဆောင်ရွက်ခြင်းအားဖြင့် ကုသိုလ်ကောင်းမှုများဖြစ်အောင် ဆောင်ရွက်ပေးကြစေလိုကြောင်း၊ ယနေ့ကဲ့သို့ နိုင်ငံတော်အဆင့် သစ်ပင်စိုက်ပျိုးပွဲ ဆောင်ရွက်သကဲ့သို့ ဆက်လက်၍လည်း တိုင်းဒေသကြီးအလိုက်၊ ပြည်နယ်အလိုက်၊ ရပ်ကွက်ကျေးရွာများအလိုက် တစ်အိမ်လျှင်တစ်ပင် စိုက်မည်ဆိုပါက သစ်ပင်များရှင်သန်ဖြစ်ထွန်းပြီး သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယနေ့ပြုလုပ်သည့် အခမ်းအနားသည် မင်္ဂလာရှိသည့် အခမ်းအနားဖြစ်ပြီး အများကောင်းကျိုးအတွက် ဆောင်ရွက်ကြသူများဖြစ်သဖြင့် တူညီသောအကျိုးကို ခံစားကြရပါစေကြောင်း ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

**တမာပျိုးပင်အား ဦးဆောင်စိုက်ပျိုး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တမာပျိုးပင်အား သတ်မှတ်နေရာတွင် ဦးဆောင်စိုက်ပျိုးပေးသည်။

ယင်းနောက် အခမ်းအနားသို့တက်ရောက်လာကြသည့် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး ညိုစော၊ ပြည်ထောင်စုဝန်ကြီးများနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ မိတ္ထီလာခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများသည် ပျိုးပင်များကို တစ်ပြိုင်တည်း စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ၂၀၂၅ ခုနှစ် မိုးရာသီလူထုလှုပ်ရှားမှုအသွင်ဖြင့် ပြုလုပ်သည့် သစ်ပင်စိုက်ပျိုးပွဲတော်သို့ တက်ရောက်လာကြသူများက ပျိုးပင်များအား တပျော်တပါးစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

> ❍ **မိမိတို့နိုင်ငံတွင် သစ်တောဖုံးလွှမ်းမှုများကျဆင်းလာကြောင်း၊ ယခုအခါ ၄၂ ဒသမ ၁၉ ရာခိုင်နှုန်းခန့်သာကျန်ရှိ၊ တစ်နိုင်ငံလုံး သစ်တောဖုံးလွှမ်းမှု ဧရိယာ ၅၀ ရာခိုင်နှုန်း ပြန်လည်ရရှိစေရေး သစ်ပင်စိုက်ပျိုးပွဲများကို ကျင်းပပြုလုပ်၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိ**
>
> ❍ **သစ်ပင်စိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးများကို လက်ငင်းခံစား၍ မရနိုင်သော်လည်း နောင် ၇ နှစ် ၈ နှစ်ခန့်တွင် ခံစားရမည်၊ မိမိတို့အနေဖြင့်လည်း ယခင်က စိုက်ပျိုးထိန်းသိမ်းခဲ့မှုများကြောင့် သစ်ကြီးဝါးကြီးများ၏ အရိပ်အာဝါသကို ခံစားရခြင်းဖြစ်၊ မိမိတို့၏ လာမည့်သားစဉ်မြေးဆက်ကိုလည်း ထိုသို့ခံစားရစေလိုသည့်စိတ်ဖြင့် ဆောင်ရွက်**

ယနေ့ မိတ္ထီလာခရိုင် လိန်တောကြိုးပြင်ကာကွယ်တောနေရာ၌ပြုလုပ်သည့် ၂၀၂၅ ခုနှစ် မိုးရာသီလူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲတော်တွင် တမာ၊ စိန်ပန်း၊ ကုက္ကို၊ မည်စည်၊ ဒဟတ်၊ ယင်းမာ စသည့် သစ်မျိုး ခြောက်မျိုး၊ ပျိုးပင်ပေါင်း ၃၂၀၀ ကို လူထုလှုပ်ရှားမှုအသွင်ဖြင့် စိုက်ပျိုးခဲ့သည်။

**ယနေ့တွင် အပူပိုင်းဒေသ (၁၃)ခရိုင်၊ မြို့နယ် (၂၉)မြို့နယ်အတွင်း ၂၀၂၅ ခုနှစ် မိုးရာသီ လူထုလှုပ်ရှားမှုအသွင်ဖြင့် စုစုပေါင်းသစ်ပင် ၃၄၉၅၀ ကို စုပေါင်းစိုက်ပျိုးပေးနိုင်ခဲ့**

အလားတူ ကျန်ရှိသည့် အပူပိုင်းဒေသ(၁၃)ခရိုင်အတွင်းရှိ မြို့နယ်များ၌လည်း ၂၀၂၅ ခုနှစ် မိုးရာသီလူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲတော်များ ကျင်းပပြုလုပ်၍ ရတနာတန်းဝင်ပင်၊ စက်မှုကုန်ကြမ်းသီးနှံပင်၊ နှစ်ရှည်စားသုံးသီးနှံပင်၊ အရိပ်ရလေကာပင်များကို စုပေါင်းစိုက်ပျိုးကြရာတွင် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ် စစ်ကိုင်းပညာရေးတက္ကသိုလ်၌ ပျိုးပင် ၇၅၀၊ မြင်းမူမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ပျိုးပင် ၆၀၀၊ မုံရွာခရိုင် မုံရွာမြို့နယ် မြို့သစ်ရပ်ကွက် အားသစ်လမ်းနေရာ၌ ပျိုးပင် ၁၀၅၀၊ ရွှေဘိုခရိုင် ရွှေဘိုမြို့နယ် ရွှေဘိုတက္ကသိုလ်၌ ပျိုးပင် ၃၀၀၀၊ ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ် ကွန်ပျူတာတက္ကသိုလ်၌ ပျိုးပင် ၆၀၀ တို့ကိုလည်းကောင်း။

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေး-ကံပြားသွား လမ်းဘေးနေရာ၌ ပျိုးပင် ၂၇၀၀၊ ရေနံချောင်းမြို့နယ် မကွေး-ရေနံချောင်းလမ်းမိုင်တိုင် (၃၅၇/၅) အထူးစိမ်းလန်းစိုပြည်ရေးဇုန်၌ ပျိုးပင် ၄၀၀၀၊ ချောက်မြို့နယ် ငွေးချို-ချောက်လမ်းဘေး ဆင်ကကြိုးပြင်ကာကွယ်တောနေရာ၌ ပျိုးပင် ၄၀၀၀၊ မြို့သစ်မြို့နယ် မကွေး-ကံပြားလမ်း မိုင်တိုင်(၃၆/၅) နေရာ၌ ပျိုးပင် ၆၀၀၊ တောင်တွင်းကြီးမြို့နယ် ဆတ်သွား-ဆင်ပေါင်ဝဲ ခရိုင်ချင်းဆက်လမ်းဘေး၌ ပျိုးပင် ၆၀၀၊ မင်းဘူးခရိုင် မင်းဘူးမြို့နယ် လေးပင်အိုင်မ ကြိုးပြင်ကာကွယ်တောအတွင်း ပျိုးပင် ၁၀၅၀၊ ပွင့်ဖြူမြို့နယ် ကျောင်းတော်ရာ ကျေးရွာပိုင်မြေနေရာ၌ ပျိုးပင် ၃၀၀၊ ငဖဲမြို့နယ် အခြေခံပညာအထက်တန်းကျောင်းခွဲ(မင်းလွှင်)၌ ပျိုးပင် ၃၀၀၊ စလင်းမြို့နယ် တည်ဘိုကန်ကြိုးပြင်ကာကွယ်တော၌ ပျိုးပင် ၃၀၀၊ ပခုက္ကူခရိုင် ပခုက္ကူမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ပျိုးပင် ၆၀၀၊ ဆိပ်ဖြူမြို့နယ် ရွှေဟသာ်ဘုရားသွားလမ်းဘေး၌ ပျိုးပင် ၃၀၀၊ သရက်ခရိုင် မင်းလှမြို့နယ် သရက်-မင်းလှ မိုင်တိုင်(၄၄/၃)နေရာ၌ ပျိုးပင် ၆၀၀၊ အောင်လံမြို့နယ် ဘွက်ကြီးရေပေါ် ကြိုးဝိုင်းအကွက်အမှတ်(၆၁)၌ ပျိုးပင် ၉၀၀၊ ဆင်ပေါင်ဝဲမြို့နယ် အောင်လံ-တောင်တွင်းကြီး မိုင်တိုင်(၂၅၅/၂) တောပုန်းကြိုးပြင်ကာကွယ်တော၌ ပျိုးပင် ၆၀၀၊ ကံမမြို့နယ် ပုသိမ်-မုံရွာ လမ်းဘေး မိုင်တိုင်(၁၅၁/၂ နှင့် ၁၅၁/၃)အကြားစီကျေးရွာနေရာ၌ ပျိုးပင် ၆၀၀ တို့ကိုလည်းကောင်း။

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ်အစိုးရနည်းပညာအထက်တန်းကျောင်း၌ ပျိုးပင် ၁၂၀၀၊ စဉ့်ကိုင်မြို့နယ် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဆရာအတတ်သင်ကောလိပ်(ဘယ်လင်း)၌ ပျိုးပင် ၆၀၀၊ မြင်းခြံခရိုင် မြင်းခြံမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ပျိုးပင် ၆၀၀၊ ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်၌ ပျိုးပင် ၃၀၀၀၊ ကျောက်ပန်းတောင်းမြို့နယ် ကျောက်ပန်းတောင်း-ညောင်ဦးကားလမ်း မိုင်တိုင်အမှတ်(၄/၀)၌ ပျိုးပင် ၆၀၀၊ မိတ္ထီလာခရိုင် သာစည်မြို့နယ် မိတ္ထီလာ-တောင်ကြီးလမ်း မိုင်တိုင်(၁၈/၀)၌ ပျိုးပင် ၆၀၀၊ ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ရန်ကုန်-မန္တလေးလမ်းဟောင်း မိုင်တိုင်(၃၁၄/၀) အနီး၌ ပျိုးပင် ၁၂၀၀၊ ရမည်းသင်းမြို့နယ် ရန်ကုန်-မန္တလေးလမ်းဟောင်း မိုင်တိုင်(၂၈၀/၀)အနီး၌ ပျိုးပင် ၅၀၀ တို့ကိုလည်းကောင်းသက်ဆိုင်ရာတိုင်းဒေသကြီးဝန်ကြီးချုပ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက စုပေါင်းစိုက်ပျိုးခဲ့ကြပြီး ယနေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင်တက်ရောက်စိုက်ပျိုးပေးသည့် မိတ္ထီလာခရိုင် လိန်တောကြိုးပြင်ကာကွယ်တောနေရာ၌ ကျင်းပပြုလုပ်သည့် သစ်ပင်စိုက်ပျိုးပွဲတော်အပါအဝင် **အပူပိုင်းဒေသ ၁၃ ခရိုင်၊ မြို့နယ် ၂၉ မြို့နယ်အတွင်း ၂၀၂၅ ခုနှစ် မိုးရာသီလူထုလှုပ်ရှားမှုအသွင်ဖြင့် စုစုပေါင်းသစ်ပင် ၃၄၉၅၀ ကို စုပေါင်းစိုက်ပျိုးပေးနိုင်ခဲ့သည်။**

**မိတ္ထီလာ စီးပွားရေးတက္ကသိုလ်**

သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အဖွဲ့ဝင်များလိုက်ပါ၍ မိတ္ထီလာစီးပွားရေးတက္ကသိုလ်သို့ ရောက်ရှိကြရာ တက္ကသိုလ်ပါမောက္ခချုပ်က မန္တလေးငလျင်ကြီးဖြစ်ပေါ်ခဲ့စဉ် တက္ကသိုလ်ခြံစည်းရိုးအုတ်တံတိုင်းများ ပြိုကျပျက်စီးခဲ့မှု၊ ပင်မစာသင်ဆောင်ကြီးနှင့် တက္ကသိုလ်စာကြည့်တိုက်တို့တွင် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများအား ပြန်လည်ပြုပြင်နိုင်ရေး ခွင့်ပြုဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ တက္ကသိုလ်အဝင်လမ်းတစ်လျှောက် လမ်းအင်္ဂါရပ်နှင့် ပြည့်စုံမှုရှိစေရေး ဆောင်ရွက်ပေးသွားရန်၊ သန့်ရှင်းသာယာလှပမှုရှိစေရေးနှင့် မျက်စိပသာဒဖြစ်စေရေးအတွက် သစ်ပင်သစ်ကိုင်းများအား အောက်ခြေရှင်းခြင်း၊ အလင်းဖွင့်ခြင်းများကို ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ တက္ကသိုလ်အနေဖြင့်ဒေသ၏အကျိုးစီးပွားဖော်ဆောင်နိုင်ရေးလိုအပ်သည့် သုတေသနလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်ပေးသွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားပြီး တက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်တွင်းရှိ အထည်အလိပ်နှင့်ပတ်သက်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစက်မှုလုပ်ငန်းများ၌ လိုအပ်လျက်ရှိသော ချည်မျှင်နှင့်အထည်အလိပ်များကို လိုအပ်ချက်ပြည့်မီအောင် ထုတ်လုပ်၍ ဖြည့်ဆည်းဆောင်ရွက်ပေး

**နေပြည်တော် ဇူလိုင် ၁၁**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အလယ်ပိုင်း တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့ နံနက်ပိုင်းတွင် တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ (မိတ္ထီလာ)နှင့် အမှတ်(၃) ဘိလပ်မြေစက်ရုံ (တန် ၁၂၀၀)တို့၏ ကုန်ထုတ်စွမ်းအား မြှင့်တင်ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ (မိတ္ထီလာ) တွင် ကြည့်ရှုစစ်ဆေးစဉ်။

### တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(မိတ္ထီလာ)

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(မိတ္ထီလာ)သို့ ရောက်ရှိကြရာ စက်ရုံအစည်းအဝေးခန်းမ၌ စက်ရုံမှူးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် စက်ရုံသို့လာရောက်စစ်ဆေးစဉ် လမ်းညွှန်ချက်များအား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု၊ စက်ရုံတွင် ဌာနအလိုက် တပ်ဆင်ထားသောစက်များ၏ စွမ်းပကားများ၊ စက်ရုံမှ ချည်အမျိုးမျိုး၊ အထည်နှင့် ချုပ်ထည်အမျိုးမျိုးကို ထုတ်လုပ်နိုင်မှုအခြေအနေများ၊ ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖြင့် ဆောင်ရွက်ပေးနေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ချည်ထည်များ ထုတ်လုပ်ရာတွင် အရေအတွက်ထက် အရည်အသွေးကို ပိုမိုဦးစားပေး၍ ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်တွင်းရှိ အထည်အလိပ်နှင့် ပတ်သက်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စက်မှုလုပ်ငန်းများ၌ လိုအပ်လျက်ရှိသော ချည်မျှင်နှင့် အထည်အလိပ်များကို လိုအပ်ချက်ပြည့်မီအောင် ထုတ်လုပ်၍ ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရမည် ဖြစ်ကြောင်း၊ ဝန်ထမ်းများ၏ သက်သာချောင်ချိရေး ဆောင်ရွက်ရာတွင်လည်း အမှန်တကယ် သက်သာချောင်ချိမှုရရှိအောင် ဆောင်ရွက်ပေးသွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ခင်းကျင်းပြထားသော စက်ရုံမှ ထုတ်လုပ်ထားသည့် ယူနီဖောင်းပိတ်စများနှင့် ချည်ထည်များ၏ အရည်အသွေးများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ချည်ထည်များ၏ အရည်အသွေးအား ဆက်လက်ထိန်းသိမ်းသွားရန်၊ ဈေးကွက်လိုအပ်ချက်အပေါ်မူတည်၍ တိုးမြှင့်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် စက်ရုံအတွင်းရှိ ချည်ငင်အလုပ်ရုံ၊ ချည်ကျစ်အလုပ်ရုံများအတွင်း ချည်များအဆင့်ဆင့် ထုတ်လုပ်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စက်ရုံဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ စက်ရုံမှ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

အဆိုပါ တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(မိတ္ထီလာ)အနေဖြင့် တပ်မတော်နှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များအတွက် လိုအပ်သည့်ဝတ်စုံများကို ချုပ်လုပ်ပေးလျက်ရှိသကဲ့သို့ ကျောင်းဝတ်စုံများ၊ အခြားနေ့စဉ်သုံး ချည်ထည်ပစ္စည်းများကိုလည်း ထုတ်လုပ်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်အနေဖြင့် ပြည်သူများ၏ ဝတ်ရေးကို ပိုမိုအထောက်အကူပြုစေရန်နှင့် ပြည်တွင်းချည်ချောထုတ်လုပ်မှုများ တိုးတက်စေရေး ဆောင်ရွက်လျက်ရှိချိန်တွင် တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ (မိတ္ထီလာ)အနေဖြင့် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် ၂/၈၀ ချည်ချောစက်ရုံခွဲကို ထပ်မံတိုးချဲ့တည်ဆောက်နိုင်ခဲ့ပြီး ပြည်တွင်းရှိ အထည်အလိပ်နှင့်ပတ်သက်သည့် စက်မှုလုပ်ငန်းများအတွက် လိုအပ်ချက်ရှိနေသည့် ချည်မျှင်နှင့်အထည်အလိပ်များကို အတိုင်းအတာတစ်ခုအထိ ထုတ်လုပ်ဖြည့်ဆည်းပေးလျက်ရှိကြောင်းနှင့် သတ်မှတ်ထားသည့်အရည်အသွေးစံနှုန်းများအတိုင်း ပြည့်မီစွာထုတ်လုပ်ပေးလျက်ရှိကြောင်း သိရသည်။

### အမှတ်(၃) ဘိလပ်မြေစက်ရုံ (တန် ၁၂၀၀)

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် မြန်မာစီးပွားရေးကော်ပိုရေးရှင်း အမှတ်(၃) ဘိလပ်မြေစက်ရုံ (တန် ၁၂၀၀) သို့ ရောက်ရှိကြရာ စက်ရုံအစည်းအဝေးခန်းမတွင် မြန်မာစီးပွားရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးညိုစောက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် အမှတ်(၃) ဘိလပ်မြေစက်ရုံ(တန် ၁၂၀၀)သို့ ရောက်ရှိစစ်ဆေးခဲ့စဉ် လမ်းညွှန်မှာကြားချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု၊ ပြည်တွင်းရှိဘိလပ်မြေစက်ရုံများ၏ ကုန်ထုတ်လုပ်နိုင်မှုစွမ်းအားများကိုလည်းကောင်း၊ စက်ရုံမှူးက စက်ရုံဆိုင်ရာအချက်အလက်များ၊ ဘဏ္ဍာရေးနှစ်အလိုက် ဘိလပ်မြေများ ထုတ်လုပ်ရောင်းချပေးနိုင်မှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမှတ်(၃) ဘိလပ်မြေစက်ရုံ (တန် ၁၂၀၀)တွင် ကြည့်ရှုစစ်ဆေးစဉ်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြည်တွင်း ဘိလပ်မြေ လိုအပ်ချက်များအား ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်ရန်၊ သင့်တင့်မျှတသည့်ဈေးနှုန်းဖြင့် ရောင်းချနိုင်ရေး ဆောင်ရွက်ပေးသွားရန်၊ ကုန်ထုတ်စွမ်းအားများ စက်စွမ်းအားအလိုက် စွမ်းအားပြည့်လည်ပတ်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဘိလပ်မြေစက်ရုံအတွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စက်ရုံဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ စက်ရုံမှ တာဝန်ရှိသူတစ်ဦးက လက်ခံရယူခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

☆ ကျောဖုံးမှ

အထိမ်းအမှတ် အခမ်းအနားကျင်းပရေး ဗဟိုကော်မတီနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနများနှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**အသိပညာမြှင့်တင်**

ဦးစွာ ဗဟိုသန်းခေါင်စာရင်းကော်မရှင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကား ပြောကြားရာတွင် ကုလသမဂ္ဂက လူဦးရေ သန်းငါးထောင်ပြည့်သည့် ၁၉၈၇ ခုနှစ် ဇူလိုင် ၁၁ ရက်ကို ကမ္ဘာ့လူဦးရေနေ့အဖြစ် သတ်မှတ်ခဲ့ပြီး ကမ္ဘာလုံးဆိုင်ရာလူဦးရေပြဿနာရပ်နှင့် လူမှုအဖွဲ့အစည်း၊ ဖွံ့ဖြိုးတိုးတက်မှု ပတ်ဝန်းကျင်တို့အပေါ် သက်ရောက်မှုများကို အသိပညာမြှင့်တင်ပေးရန် ရည်ရွယ်ပြီး အဖွဲ့ဝင်နိုင်ငံများက ကမ္ဘာ့လူဦးရေနေ့ အခမ်းအနားကို နှစ်စဉ်ကျင်းပလျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် အခမ်းအနားများကို ၁၉၉၀ ပြည့်နှစ်ကတည်းက စတင် ကျင်းပလာခဲ့သည်မှာ ယခုအခါ (၃၆) နှစ်မြောက်ရှိပြီဖြစ်ကြောင်း။



ဗဟိုသန်းခေါင်စာရင်းကော်မရှင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၅ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်ပြခန်းများနှင့် စာအုပ်၊ စာစောင်များကို လှည့်လည်ကြည့်ရှုစဉ်။

မိမိတို့မြန်မာနိုင်ငံ၏ လူဦးရေပြောင်းလဲလာမှုကို လေ့လာကြည့်မည်ဆိုပါက ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ လူဦးရေ ၅၁ ဒသမ ၄ သန်းကျော်ရှိခဲ့ပြီး ၂၀၂၄ ခုနှစ်တွင် လူဦးရေ ၅၆ ဒသမ ၂ သန်းခန့် ဖြစ်လာမည်ဟု ခန့်မှန်းခဲ့ကြကြောင်း၊ သို့သော် ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းရှေ့ပြေး လူဦးရေစာရင်းအရ လက်ရှိလူဦးရေတွင် ၅၁ ဒသမ ၃ သန်းကျော်သာရှိသည်ကို တွေ့ရှိရကြောင်း။

ယခင် လူဦးရေတိုးနှုန်းများအရ လူဦးရေတိုးပွားလာရမည်ဖြစ်သော်လည်း ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်း အချက်အလက်များအရ ၁၀ နှစ်တာကာလအတွင်းတွင် လူဦးရေတိုးပွားလာခြင်းမရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လူဦးရေတိုးနှုန်းကို တိုက်ရိုက်သက်ရောက်စေသည့် ကလေးမွေးဖွားနှုန်း၊ သေဆုံးနှုန်း၊ ပြည်ပရွှေ့ပြောင်းနှုန်းများကို ဆန်းစစ်လေ့လာရန် လိုအပ်ကြောင်း။

မိမိတို့နိုင်ငံတွင် ၁၉၈၃ ခုနှစ် သန်းခေါင်စာရင်းအရ အမျိုးသမီးတစ်ဦး ကလေးမွေးဖွားနှုန်းသည် ၄ ဒသမ ၇ ဦးရှိခဲ့သော်လည်း ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းတွင် ကလေး ၂ ဒသမ ၃ ဦးနှုန်းလောက်ထိ ကျဆင်းလာပြီး ၂၀၁၉ ခုနှစ်ကြားဖြတ် သန်းခေါင်စာရင်းအရ မိဘနှစ်ပါးနေရာကိုသာ ပြန်လည်အစားထိုးနိုင်မည့် ၂ ဒသမ ၁ ဦးနှုန်းအောက်ကို ကျဆင်းလာခဲ့သည်ကို တွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံ၏ မွေးဖွားနှုန်းသည် အစဉ်တစိုက် ကျဆင်းလာသည်ဖြစ်၍ လက်ရှိတွင်လည်း ပိုမိုကျဆင်းလာခြင်းဖြစ်နိုင်ကြောင်း၊ မိခင်တစ်ဦး၏ ကလေးမွေးဖွားနှုန်းသည် နှစ်ဦးအောက်ကို လျော့ကျလာပြီဆိုပါက မိမိတို့နိုင်ငံ၏ လူဦးရေသည် တဖြည်းဖြည်း သိသိသာသာ လျော့နည်းကျဆင်းလာမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၌ ၂၀၂၀ ပြည့်နှစ်ဝန်းကျင်တွင် ဖြစ်ပွားခဲ့သည့် ကိုဗစ် - ၁၉ ကပ်ရောဂါဆိုးနှင့် ၂၀၂၁ ခုနှစ် နောက်ပိုင်းတွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်ဖြစ်စဉ်များ၊ သဘာဝဘေးအန္တရာယ်များကြောင့် ကလေးမွေးဖွားနှုန်း၊ သေဆုံးနှုန်းများအပေါ် သက်ရောက်မှုများ ရှိခဲ့သလို အလုပ်အကိုင်အခွင့်အလမ်းများ လျော့ကျလာပြီး လူငယ်အများအပြားသည်လည်း ပြည်ပထွက်ခွာမှုများ ပိုမိုပြုလုပ်လာသည်ကို တွေ့ရကြောင်း။

☆ **လူဦးရေပညာရှင်များ၏ ခန့်မှန်းတွက်ချက်မှုများအရ မကြာတော့မည့် အနာဂတ်ကာလတွင် မိမိတို့နိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးရွယ်အိုဦးရေသည် ကလေးဦးရေထက် ပိုမိုများပြားလာတော့မည်ဖြစ်**

☆ **ထိုအချိန်တွင် တစ်သက်တာပညာသင်ယူမှုနှင့် ပြန်လည်လေ့ကျင့်သင်ကြားနိုင်မည့် အခွင့်အလမ်းများ၊ အသက်အရွယ်ပေါင်းစုံ အလုပ်လုပ်ကိုင်နိုင်သည့် လုပ်သားအင်အားစုများဖြစ်စေရန် ဖန်တီးပေးရန် လိုအပ်လာမည့်အခြေအနေဖြစ်**

☆ **ထို့ကြောင့် အသက်အရွယ်ကြီးရင့်လာသော်လည်း အလုပ်လုပ်ချင်စိတ်ရှိနေသေးသူများကို ပုဂ္ဂလိကအခန်းကဏ္ဍများတွင် အလုပ်လုပ်နိုင်မည့် အခွင့်အလမ်းများဖန်တီးပေးနိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများက ရေရှည်စီမံကိန်းများဖြင့် ယခုကတည်းက ကြိုတင်ပြင်ဆင်ထားရှိသင့်ပြီဖြစ်**

**ရွှေ့ပြောင်းနေထိုင်လာမှုများကို သတိထားကိုင်တွယ်**

ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများတွင် သက်ကြီးရွယ်အိုလူဦးရေများပြားလာမှုနှင့်အတူ ပိုမိုကောင်းမွန်သည့် အလုပ်အကိုင်အခွင့်အလမ်းများ များပြားပြီး လုပ်သားကဏ္ဍ လိုအပ်ချက်များ များလာခြင်းကြောင့် လုပ်သားအင်အားရွှေ့ပြောင်းမှုများ ရှိနေကြကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင်လည်း လူဦးရေလျော့နည်းလာသည့်အပြင် လူ့စွမ်းအားအရင်းအမြစ်များ လေလွင့်ဆုံးရှုံးမှုမဖြစ်စေရေး၊ ကုန်ထုတ်လုပ်မှုစွမ်းအင် မထိခိုက်စေရေးတို့အတွက် ရွှေ့ပြောင်းနေထိုင်လာမှုများကို သတိထားကိုင်တွယ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

လူဦးရေ ပညာရှင်များ၏ ခန့်မှန်း တွက်ချက်မှုများအရ မကြာတော့မည့် အနာဂတ်ကာလတွင် မိမိတို့နိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးရွယ်အိုဦးရေသည် ကလေးဦးရေထက် ပိုမိုများပြားလာတော့မည်ဖြစ်ကြောင်း၊ ထိုအချိန်တွင် တစ်သက်တာပညာသင်ယူမှုနှင့် ပြန်လည်လေ့ကျင့်သင်ကြားနိုင်မည့် အခွင့်အလမ်းများ၊ အသက်အရွယ်ပေါင်းစုံ အလုပ်လုပ်ကိုင်နိုင်သည့် လုပ်သားအင်အားစုများဖြစ်စေရန် ဖန်တီးပေးရန် လိုအပ်လာမည့် အခြေအနေ ဖြစ်လာနိုင်ကြောင်း၊ ထို့ကြောင့် အသက်အရွယ် ကြီးရင့်လာသော်လည်း အလုပ်လုပ်ချင်စိတ်ရှိနေသေးသူများကို ပုဂ္ဂလိကအခန်းကဏ္ဍများတွင် အလုပ်လုပ်နိုင်မည့် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန် သက်ဆိုင်ရာ ဝန်ကြီးဌာနများက ရေရှည်စီမံကိန်းများဖြင့် ယခုကတည်းက ကြိုတင်ပြင်ဆင်ထားရှိသင့်ပြီဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၏ လူဦးရေပြောင်းလဲမှုဖြစ်စဉ်များကို လေ့လာသုံးသပ်နိုင်ရန်နှင့် လူဦးရေနှင့် လူမှုစီးပွားဆိုင်ရာ အချက်အလက်များ ရရှိနိုင်ရန်အတွက် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မဖြစ်မနေကောက်ယူရန် စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

မိမိတို့ နိုင်ငံတော်အတွက် လိုအပ်မည့် ရေတို၊ ရေရှည်စီမံကိန်းများတွင် အခြေခံအသုံးပြုနိုင်မည့် လူဦးရေကို သိရှိနိုင်ရန်၊ လူဦးရေပြောင်းလဲမှုဆိုင်ရာ ဖြစ်စဉ်များကို လေ့လာသုံးသပ်နိုင်ရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို လေ့လာဆန်းစစ်သုံးသပ်ရာတွင် လိုအပ်သည့် အချက်အလက်များရရှိရန် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် ကောက်ယူနိုင်ခဲ့ကြောင်း၊ သန်းခေါင်စာရင်းမှ ရရှိလာသည့် အချက်အလက်များသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မျက်မှောက်အခြေအနေများကို ပြသနေခြင်းဖြစ်၍ မှန်ကန်သည့် မူဝါဒများ၊ မဟာဗျူဟာများ၊ နည်းဗျူဟာများ ချမှတ်နိုင်ရန်နှင့် စီမံကိန်းများ ရေးဆွဲနိုင်ရန် လိုအပ်သည့်လူဦးရေနှင့် လူမှုစီးပွားဆိုင်ရာ စာရင်းအင်းအချက်အလက်များကို ပံ့ပိုးပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် သယံဇာတအရင်းအမြစ်များ ခွဲဝေရန်၊ ဘဏ္ဍာငွေခွဲဝေချထားရန်၊ လိုအပ်သည့်နေရာများတွင် စာသင်ကျောင်း၊ ဆေးရုံနှင့် ကျန်းမာရေးဌာနများ၊ လမ်း၊ တံတားစသည့် အခြေခံ အဆောက်အအုံများ တည်ဆောက်ပေးနိုင်ရန်၊ မသန်စွမ်းနှင့် သက်ကြီးရွယ်အိုစောင့်ရှောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်စသည့် စီမံခန့်ခွဲမှုများ ဆောင်ရွက်ရာတွင် မရှိမဖြစ်လိုအပ်သည့် အခြေခံ အချက်အလက်များပင် ဖြစ်ကြောင်း။

ထို့ကြောင့် ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းက အချက်အလက်များကို သေသေချာချာ ဆန်းစစ်လေ့လာရန် လိုအပ်ကြောင်း၊ ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းတွင် မေးခွန်းပေါင်း ၆၈ ခု မေးမြန်းခဲ့ပြီး လူဦးရေဆိုင်ရာ အချက်အလက်များသာမက လူမှုစီးပွားဆိုင်ရာ အချက်အလက်များ၊ ပြည်တွင်း၊ ပြည်ပ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အချက်အလက်များ၊ အိမ်နှင့် အိမ်ထောင်စုအကြောင်းအရာများကို ပြည့်ပြည့်စုံစုံ မေးမြန်းထားကြောင်း၊ အဆိုပါ အချက်အလက်များကို အသေးစိတ် ဆန်းစစ်လေ့လာပြီး မိမိတို့နိုင်ငံ၏ မျက်မှောက်အခြေအနေကို ပြန်လည်သုံးသပ်ရန် လိုအပ်ကြောင်း၊ နိုင်ငံ၏ ပစ္စုပ္ပန်အခြေအနေကို ဖော်ပြနေသည့် သန်းခေါင်စာရင်း အချက်အလက်များကို နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် အဓိကကိုင်တွယ် အသုံးပြုသွားရန် လိုအပ်ကြောင်း။

ထို့ပြင် မကြာမီ မိမိတို့နိုင်ငံတွင် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပပြုလုပ်တော့မည်ဖြစ်ကြောင်း၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အခြေခံလိုအပ်သည့် မဲစာရင်းမှန်ကန်စေရေးကိုလည်း ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းမှ ရရှိသည့် လူဦးရေစာရင်းများက အဓိက အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် မကြာမီက ဖြစ်ပေါ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ပျက်စီးသွားသည့် မြို့များ၏ ကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြန်လည် ထူထောင်ရေးလုပ်ငန်းများအတွက် ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်း အချက်အလက်များက လွန်စွာ အသုံးဝင်မည်ကိုလည်း ပြောကြားလိုကြောင်း။

နှစ်စဉ် ကမ္ဘာ့လူဦးရေနေ့ ရောက်တိုင်း ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသည် ကမ္ဘာ့လူဦးရေနေ့ ဆောင်ပုဒ်သတ်မှတ်၍ အခမ်းအနား၊ လှုပ်ရှားမှုများကို ဆောင်ရွက်လျက်ရှိကြကြောင်း၊ မိမိတို့မြန်မာနိုင်ငံ၏ ၂၀၂၅ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ ဆောင်ပုဒ်ကို

စာမျက်နှာ ၇ သို့ ☆

☆ စာမျက်နှာ ၆ မှ

မိမိတို့နိုင်ငံ၏ လက်ရှိအခြေ အနေကို ထင်ဟပ်ပေါ်လွင်စေမည့် သန်းခေါင်စာရင်း အချက်အလက် များကို ထိထိရောက်ရောက် အသုံးပြုကြရန် ရည်ရွယ်ပြီး **“လူမှု စီးပွားဖွံ့ဖြိုးဖို့၊ သန်းခေါင်စာရင်း အချက်အလက်များကို အသုံးပြုစို့” “From Data to Development: Using Census for Socio-Economic Advancement”** ဟု သတ်မှတ်ထားကြောင်း။

**မှတ်တမ်းတင်ဂုဏ်ပြု**

ယင်းဆောင်ပုဒ်ကို သတ်မှတ် ထားရခြင်းမှာ သန်းခေါင်စာရင်း အချက်အလက်များသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက် အလွန်ပင်အသုံးဝင်သည့် အချက် အလက်များဖြစ်ကြောင်း၊ ထို့ကြောင့် သန်းခေါင်စာရင်းကို နိုင်ငံတကာအကူအညီမပါဘဲ မိမိတို့ တွင်ရှိသည့် လူစွမ်းအားအရင်း အမြစ်များကို တစ်တပ်တစ်အား အသုံးချ၍ နိုင်ငံတော်ရန်ပုံငွေကျပ် သန်းပေါင်းများစွာ အကုန်အကျခံ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အချိန်များစွာ ကြိုတင်ပြင်ဆင်မှုနှင့်အတူ လူအင်အားများစွာအသုံး ပြုပြီး စာရင်းကောက်ယူခဲ့ခြင်း ဖြစ်ကြောင်း၊ စာရင်းကောက်ယူစဉ် ကာလအတွင်းတွင်လည်း အခက် အခဲပေါင်းများစွာ ကြုံတွေ့ခဲ့ရပြီး ယင်းလုပ်ငန်းများကို အသက်ပေး တာဝန်ထမ်းဆောင်ခဲ့သူများကို မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း။

ထိုသို့အခက်အခဲပေါင်းများစွာ ထဲက ငွေအင်အား၊ လူအင်အား အသုံးပြုပြီး အောင်မြင်အောင် ဆောင်ရွက်ခဲ့သည့် သန်းခေါင် စာရင်း၏ အချက်အလက်များကို မူဝါဒချမှတ်သူများ၊ စီမံကိန်းရေး ဆွဲသူများ၊ စာရင်းအင်းအချက် အလက် အသုံးပြုသူများအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူ လူထု၏ လူမှုဘဝဖွံ့ဖြိုးတိုးတက် ရေးတို့အတွက် ထိထိရောက် ရောက် အသုံးပြုနိုင်ရန် အလေး အနက်ထား တိုက်တွန်းပြောကြား လိုကြောင်း။

ယနေ့ ကမ္ဘာ့လူဦးရေနေ့ကစပြီး မြန်မာနိုင်ငံအတွင်းတွင် နေထိုင် ကြသည့် နိုင်ငံသူ နိုင်ငံသားများ အားလုံး ကျန်းမာချမ်းသာစွာဖြင့် သဘာဝဘေးအန္တရာယ် အပေါင်း က လွတ်ကင်းကြပြီး အများကောင်း ကျိုးကိုသယ်ပိုးနိုင်ကြပါစေ၊ လူဦး ရေနှင့်အိမ် အကြောင်းအရာ သန်းခေါင်စာရင်း အချက်အလက် များကို ကဏ္ဍအလိုက် ထိရောက် စွာ အသုံးပြုကြပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက် နိုင်ကြပါစေကြောင်း ဆုမွန်ကောင်း တောင်းပါကြောင်း ပြောကြား သည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေး နှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် က “လူမှုစီးပွားဖွံ့ဖြိုးဖို့ သန်းခေါင် စာရင်း အချက်အလက်များကို အသုံးပြုစို့” ဆောင်ပုဒ်နှင့် စပ်လျဉ်း ၍ ရှင်းလင်းတင်ပြသည်။ ယင်းနောက် ၂၀၂၅ ခုနှစ် ကမ္ဘာ့ လူဦးရေနေ့ အထိမ်းအမှတ်အခမ်း အနား Animation Clip ကို ပြသ သည်။

ယင်းနောက် ဗဟိုသန်းခေါင် စာရင်းကော်မရှင်နာယက နိုင်ငံ တော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း သည် တက်ရောက်လာကြသူများ နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ပြီး ခင်းကျင်းပြသထားသည့် ၂၀၂၅ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ပြခန်းများနှင့် စာအုပ်၊ စာစောင်များကို လှည့်လည်ကြည့်ရှုရာ တာဝန်ရှိသူ များက လိုက်လံရှင်းလင်းပြသ ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နယ်စပ်ရေးရာဝန်ကြီးဌာန ၂၀၂၅ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၁**

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် သဘာဝ ပတ်ဝန်းကျင်နှင့် ဂေဟစနစ် ထိန်းသိမ်းနိုင်စေရန်၊ စိမ်းလန်းစိုပြည်သည့် ပတ်ဝန်းကျင်ကောင်းနှင့် ကောင်းမွန်သည့် ရာသီဥတုကို လက်ဆင့်ကမ်းနိုင် စေရန်၊ အရိပ်အာဝါသရရှိစေရန်၊ နိုင်ငံ့စီးပွားရေး အတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ် စေရန် ရည်ရွယ်၍ နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲ ကို ယနေ့ နံနက်ပိုင်းတွင် လူထုလှုပ်ရှားမှု အသွင်ဖြင့် နယ်စပ်ရေးရာဝန်ကြီးဌာန ရုံးဧရိယာအတွင်း ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ကံ့ကော်ပင်ကို ဦးဆောင်စိုက်ပျိုးပြီး ဒုတိယဝန်ကြီး ဗိုလ်ချုပ် ဖြိုးသန့်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်း များက ရတနာတန်းဝင်ပင်များ၊ နှစ်ရှည်ပင်များ၊ အရိပ်ရလေကာပင်များ စုစုပေါင်းသစ်ပင် ၂၈၀ ကို စိုက်ပျိုးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဝန်ထမ်းများ သစ်ပင်စိုက်ပျိုးနေမှုများနှင့် ပထမအကြိမ်စိုက်ပျိုးထားရှိသည့် သစ်ပင်များ ရှင်သန်ဖြစ်ထွန်းရေးအတွက် ပြုစုပျိုးထောင်နေ မှုများကို ကြည့်ရှုစစ်ဆေးသည်။

အလားတူ နယ်စပ်ရေးရာဝန်ကြီးဌာန ကွပ်ကဲမှု အောက်ရှိ တက္ကသိုလ်၊ ကောလိပ်၊ ရုံး၊ ကျောင်းများ တွင်လည်း ၂၀၂၅ ခုနှစ် ဒုတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲများကို တစ်ပြိုင်တည်း ကျင်းပ၍ ရတနာတန်းဝင်ပင်များ၊ နှစ်ရှည်ပင်များ၊ အရိပ်ရ လေကာပင်များနှင့် သီးပင်စားပင်များကို စုပေါင်း စိုက်ပျိုးခဲ့ကြောင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန တစ်ခုလုံးအနေဖြင့် ယနေ့ စိုက်ပျိုးခဲ့သည့် သစ်ပင် ပေါင်း ၇၀၇၁ ပင်နှင့် ပထမအကြိမ်စိုက်ပျိုးခဲ့သည့် သစ်ပင်ပေါင်း ၈၆၂၁ ပင် အပါအဝင် စုစုပေါင်း



၁၅၆၉၂ ပင်တို့ကို စိုက်ပျိုးခဲ့ပြီး ရှင်သန်အောင်မြင် ဖြစ်ထွန်းရေးအတွက် ထိန်းသိမ်းပြုစုဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး လုပ်ငန်းကော်မတီ ဒုတိယအကြိမ်ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၁**

တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက် အဝန်းဖော်ဆောင်ရေး လုပ်ငန်းကော်မတီ ဒုတိယ အကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်း တွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ တိုးတက်ခိုင်မာအားကောင်း သည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ အကြံပေးအဖွဲ့ဝင် ဒေါက်တာရင်ရင်နွယ်နှင့် ဦးအောင်နိုင်ဦး၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုးတက်ခိုင်မာအားကောင်းသည့် လူမှု အသိုက်အဝန်းဖော်ဆောင်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က ရှေ့ပြေး စီမံချက်အနေဖြင့် ဆောင်ရွက်သွားမည့် နေပြည်တော် တပ်ကုန်းမြို့နယ် မန်ကျည်းပင်ကျေးရွာအုပ်စုမှ ရေဘေး သင့်ကျေးရွာဖြစ်သည့် ညောင်ပင်သာနှင့် မန်ကျည်းပင် ကျေးရွာတို့တွင် လူမှုအဖွဲ့အစည်းပေါင်းစုံ ပါဝင်သည့် ဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံချက် ဖော်ဆောင်ရေး အတွက် ဦးတည်ဆွေးနွေးသွားမည်ဖြစ်ကြောင်း။

စီမံချက်ရွာနှစ်ရွာ၏ လူမှုစီးပွားရေး အခြေအနေ ကိုသုံးသပ်ပြီး လိုအပ်ချက်များနှင့် လုပ်ဆောင် ဖြည့်ဆည်းပေးရမည့် နည်းလမ်းလုပ်ငန်းများကို ရှာဖွေဖော်ထုတ်ပြီး စီမံချက်ရေးဆွဲသွားရမည်ဖြစ် သည့်အတွက် လက်တွေ့ဖြစ်နိုင်ခြေဆန်းစစ်ချက်များ ဖော်ထုတ်ရမည်ဖြစ်ကြောင်း၊ အဆိုပါ ဆန်းစစ်



ချက်များ ပေါင်းစပ်ပြီးနောက် လုပ်စရာရှိသည့်လုပ်ငန်း များကို ဆက်လုပ်ကြရမည်ဖြစ်ပြီး လုပ်ဆောင်ချက် များ၏ အောင်မြင်ပြီးစီးမှုကိုလည်း ကာလအလိုက် ပြန်လည်သုံးသပ်ဆန်းစစ်သွားကြရမည်ဖြစ်ကြောင်း။

မိမိတို့ကော်မတီအနေဖြင့် အကြမ်းဖျင်းစီမံချက် အနေဖြင့် အပိုင်းနှစ်ပိုင်းခွဲပြီး ဆောင်ရွက်ရန် စဉ်းစား ထားပါကြောင်း၊ ပထမအပိုင်းအနေဖြင့် သဘာဝဘေး အန္တရာယ်ကြောင့် ထိခိုက်မှုလျှော့ချရေးအတွက် အစီအမံများကို သက်ဆိုင်ရာဌာနများက ပေါင်းစပ် ညှိနှိုင်းလုပ်ဆောင်ပေးပြီး ဒေသခံပြည်သူများ သိရှိ အောင် ရပ်ရွာအခြေပြု အသိပညာပေးလုပ်ငန်းများ ပြုလုပ်သွားကြရမည်ဖြစ်ကြောင်း၊ ဒုတိယအပိုင်း ဖြစ်သည့် လူမှုစီးပွားရေး ပြန်လည်ထူထောင်မှုအပိုင်း ဖြစ်သည့် စီးပွားရေးအပိုင်းတွင် မိမိတို့ကော်မတီအနေ ဖြင့် အသက်မွေးဝမ်းကျောင်းပညာ သင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ စိုက်ပျိုးကုန်ထုတ် သမ/နှင့် MSME များ ထူထောင်ပေးခြင်း၊ အရင်းအနှီးအတွက် မြစိမ်း ရောင်၊ VDF၊ မွေးမြူရေးအစုအဖွဲ့များကို တိုးချဲ့ဆောင် ရွက်ပေးခြင်း၊ ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းများတွင် Cash for Work အစီအစဉ်များ ဆောင်ရွက်ပေး ခြင်းများ ပြုလုပ်ပေးသွားရမည်ဖြစ်ကြောင်း။ ထို့ပြင် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ပေါင်းစပ် ၍ ရှေးဟောင်းသမိုင်းဝင် သားခိုတောင် ဒေသန္တရ ခရီးစဉ်ကို ညောင်ပင်သာအပန်းဖြေစခန်းနှင့် တွဲဖက် ဆောင်ရွက်နိုင်ရန် ကြိုးပမ်းသွားရမည်ဖြစ်ကြောင်း။

ပြည်သူ့ဆက်ဆံရေး Public Relations နှင့် ပတ်သက်၍ မန်ကျည်းပင်၊ ညောင်ပင်သာတွင်ရှိသည့် Community Center ကို အခြေပြုပြီး ဘက်စုံ စီမံကိန်းနှင့်ပတ်သက်၍ ဒေသခံလူထုကို သတင်း အချက်အလက်မျှဝေခြင်း၊ အသိပညာပေးခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ယခုရှေ့ပြေးစီမံချက် မှသည် ကျန်သည့်တိုင်းဒေသကြီး၊ ပြည်နယ်များ အတွက် ဒေသအလိုက် အလားတူ ဘက်စုံဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်နိုင်ရန်၊ တစ်နိုင်ငံလုံးက ပြည်သူများအတွက် နမူနာအဖြစ် သတင်းအချက် အလက်များမျှဝေပေးနိုင်ရန်နှင့် မိမိတို့လုပ်ငန်း ကော်မတီ၏ ပြည်သူ့အကျိုးပြုလုပ်ဆောင်ချက်များ ကို ပိုမိုသိရှိနားလည်ပြီး နိုင်ငံတော်အစိုးရအပေါ် ပိုမို ယုံကြည်အားကိုးလာနိုင်ရန်အတွက် မီဒီယာ နည်းလမ်းများကတစ်ဆင့် ထုတ်လွှင့်ဖြန့်ချိသွားရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်း ဖော်ဆောင်ရေးအတွက် ရေတို၊ ရေရှည် စီမံကိန်းများ ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်သွားရန် နှင့် မီဒီယာကိုအသုံးချပြီး အရွေ့တစ်ခုကိုသွားနိုင် သည့် လုပ်ငန်းစဉ်များဖြစ်အောင် ဝန်ကြီးဌာနများက လည်း ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် လုပ်ငန်းကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးမြင့်စိုးက တပ်ကုန်းမြို့နယ် ညောင်ပင်သာကျေးရွာနှင့် မန်ကျည်းပင်ကျေးရွာတို့ ၏ ဒေသဆိုင်ရာ အချက်အလက်များ၊ သဘာဝဘေး ထိခိုက်ခဲ့မှု QIP Phase(I) အကောင်အထည်ဖော် ဆောင်ရွက်ပေးမည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသူများက တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်း ဖော်ဆောင်ရေးအတွက် ဝန်ကြီးဌာနအလိုက် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေး သွားမည့် လုပ်ငန်းအစီအမံများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ကော်မတီဥက္ကဋ္ဌက လိုအပ် သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အပူပိုင်းဒေသ (၁၃) ခရိုင် စိမ်းလန်းစိုပြည်ရေး မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပမှုမြင်ကွင်း



စေတုတ္တရာမြို့နယ် မုန်းတမံ (၄) မိုင်လမ်းအနီး မြေကွက်လပ်၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။



ချောက်မြို့နယ် ဆင်ကကျေးရွာ ဝွေးချို-ချောက်ကားလမ်းဘေး ဆင်ကကြိုးပြင်ကာကွယ်တော အတွင်း သစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။



ငဖဲမြို့နယ် မင်းလွင်ကျေးရွာ အထကခွဲ (မင်းလွင်)ကျောင်း၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။



အောင်လံမြို့နယ် ဘွက်ကြီးရေပေါ်ကြိုးဝိုင်းအတွင်း မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။



ပခုက္ကူမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။



ပွင့်ဖြူမြို့နယ် သက်သာပန်းတောင်းကျေးရွာ မြန်မာ့မီးရထားပိုင်မြေကွက်လပ်၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။



ကံမမြို့နယ် ပုသိမ်-မုံရွာလမ်း စီကျေးရွာအနီး၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။



ဆင်ပေါင်ဝဲမြို့နယ် အောင်လံ-တောင်တွင်းကြီးကားလမ်း မိုင်တိုင် (၂၅၅/၂) တောပုန်းကြိုးပြင်ကာကွယ်တော၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။



စလင်းမြို့ တည်ဘိုကန်ကြိုးပြင်ကာကွယ်တော၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။



ဆိပ်ဖြူမြို့နယ် ယောဝရပ်ကွက် ကြိုးပြင်ကာကွယ်တော အတွင်း မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။

# အပူပိုင်းဒေသ (၁၃)ခရိုင် စိမ်းလန်းစိုပြည်ရေး မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပမှုမြင်ကွင်း



စဥ့်ကိုင်မြို့နယ် ရှမ်းကန်ကျေးရွာ နည်းပညာ၊ သက်မွေးပညာနှင့် ဆရာအတတ်သင်ကောလိပ် (ဘယ်လင်း)ကျောင်းဝင်း၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။ ကျော်စွာ(စဥ့်ကိုင်)



မြို့သစ်မြို့နယ် အောင်ချမ်းသာကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။



ပျော်ဘွယ်မြို့နယ် ရန်ကုန်-မန္တလေး ကားလမ်းဟောင်း ညောင်ရွှေကျေးရွာ မိုင်တိုင်အမှတ်(၂၈၈/၂)အနီး၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။ မင်းမင်းထွေး(ပျော်ဘွယ်)



ကျောက်ပန်းတောင်းမြို့နယ် တံငါ့ကန်ကျေးရွာအုပ်စု ညောင်ဦး-ကျောက်ပန်းတောင်းကားလမ်း မိုင်တိုင်အမှတ်(၄/၀)အနီး၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။ သဲသဲ(ပြန်/ဆက်)



မင်းဘူး(စကု)မြို့နယ် မင်းဘူး-အမ်းကားလမ်း မိုင်တိုင်အမှတ် (၁၁/၂) မိုင်ရှိ လေးပင်-အိုင်းမ ကြိုးပြင်ကာကွယ်တော၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။ မောင်မောင်(မင်းဘူး)



ကျောက်ဆည်မြို့နယ် ရှမ်းရွာကြီးကျေးရွာ အစိုးရနည်းပညာအထက်တန်းကျောင်း၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။ သက်မောင်



သာစည်မြို့နယ် မိတ္ထီလာ-တောင်ကြီးကားလမ်းဘေး မိုင်တိုင်(၁၇/၆)မှ (၁၈/၀)၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။ မြို့နယ်(ပြန်/ဆက်)



ရွှေဘိုမြို့နယ် ရွှေဘိုတက္ကသိုလ်၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။
ခရိုင်(ပြန်/ဆက်)



စစ်ကိုင်းမြို့ စစ်ကိုင်းပညာရေးကျောင်းဝင်းအတွင်း၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။
နေလင်းအောင်(ပြန်/ဆက်)

# မုံရွာမြို့၌ အပူပိုင်းဒေသ ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေး ၂၀၂၅ ခုနှစ် မိုးရာသီလူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲကျင်းပ

မုံရွာ ဇူလိုင် ၁၁

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စိမ်းလန်းစိုပြည်စေရေး၊ သာယာလှပရေး၊ ရာသီဥတုပြုပြင်ပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်များ လျော့ပါးစေရေး၊ မိုးခေါင်ရေရှားပါးမှုနှင့် အပူဒဏ်ကာကွယ်ရေး၊ သစ်တောဖုံးလွှမ်းမှု တိုးတက်စေရေးတို့အတွက် အပူပိုင်းဒေသ ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေး ၂၀၂၅ ခုနှစ် မိုးရာသီလူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ မြို့သစ်ရပ်ကွက် ဗိုလ်ချုပ်လမ်းမှ ပြည်ထောင်စုလမ်း လမ်းဘေးဝဲယာ၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့်ဇနီး၊ အနောက်မြောက် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွေး၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်ဇနီးများ၊ ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ မုံရွာမြို့ပေါ်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

**ပျိုးပင်ပေါင်း ၁၀၅၀ စိုက်ပျိုး**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးနှင့် တိုင်းမှူးတို့က သတ်မှတ်နေရာများ၌ စိန်ပန်းကြီးပင်ကို စတင်စိုက်ပျိုးပေးပြီး တက်ရောက်လာသူများက သတ်မှတ်နေရာများ၌ နှစ်ပေနှင့် အထက် နှစ်နှစ်သားအရွယ်ရှိ သစ်မျိုး ရှစ်မျိုး၊ ပျိုးပင်ပေါင်း ၁၀၅၀ အား အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် စုပေါင်းစိုက်ပျိုးပေးနေမှုကို လှည့်လည်ကြည့်ရှု အားပေးကြသည်။



တိုင်းဒေသကြီးအတွင်းရှိ စစ်ကိုင်းမြို့နယ်၊ မြင်းမူမြို့နယ်၊ ရွှေဘိုမြို့နယ်နှင့် ယင်းမာပင်မြို့နယ်များတွင်လည်း စုစုပေါင်းအရိပ်ရပျိုးပင် ၄၉၅၀ ကို စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



# မကွေးမြို့နယ်၌ မိုးရာသီလူထုလှုပ်ရှားမှုအသွင်ဖြင့် စုပေါင်းသစ်ပင်စိုက်ပျိုး

မကွေး ဇူလိုင် ၁၁

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်တွင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်စေရေးအတွက် လူထုလှုပ်ရှားမှုအသွင်ဖြင့် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက မကွေးမြို့နယ် မကွေး-နေပြည်တော်ကားလမ်း ကျစ်ဆုံပွေးကျေးရွာအနီး လမ်းဘေးဝဲယာမြေကွက်လပ်၌ ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်ချုပ်သိန်းထွန်းဦး၊ မကွေးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အမှတ် ၂ သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများနှင့်ဒေသခံပြည်သူများတက်ရောက်ကြသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးက အမှာစကားပြောကြားပြီး တာဝန်ရှိသူများက စိုက်ပျိုးမည့်ပျိုးပင်များကို တာဝန်ရှိသူများထံပေးအပ်၍ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ပြည်သူလူထုလှုပ်ရှားမှု အသွင်ဖြင့် ၂၀၂၅ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲအဖြစ် တမာ၊ ဖျောက်ဆိပ်၊ သဘော်ကုက္ကို၊ ယူကလစ်၊ ပန်းမဲဇလီ စသည့် ပျိုးပင် ၂၇၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**

# ရေနံချောင်းမြို့နယ်၌ အပူပိုင်းဒေသ ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေး မိုးရာသီလူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲကျင်းပ

ရေနံချောင်း ဇူလိုင် ၁၁

အပူပိုင်းဒေသ ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေး မိုးရာသီလူထုလှုပ်ရှားမှုအသွင်ဖြင့် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို မကွေး-ရေနံချောင်းလမ်း မိုင်တိုင် (၃၅၇/၅)မိုင်ရှိ Greening Complex ၌ ကျင်းပရာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စိုက်ပျိုးမည့်ပျိုးပင်များအား တာဝန်ရှိသူများထံ ပေးအပ်ပြီး တက်ရောက်လာသူများနှင့် အတူ Greening Complex ရှိ မြေဧရိယာ ၁၃ ဒသမ ၃ ဧကပေါ်တွင် ဖျောက်ဆိပ်၊ တမာ၊ ပဲချယ်ရီ၊ မဲဇလီ၊ ဒဟတ် စသည့် ပျိုးပင်ပေါင်း ၄၀၀၀ အား စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

ထို့အတူ တိုင်းဒေသကြီးအတွင်း ယနေ့ကျင်းပသည့် သစ်ပင်စိုက်ပျိုးပွဲများတွင် မြို့နယ် ၁၅ မြို့နယ်၌ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးအတွက် ပျိုးပင်ပေါင်း ၁၇၁၅၀ ပင်အား စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။ **မောင်ညီညာ**



# မင်းလှမြို့နယ်၌ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး စုပေါင်းသစ်ပင်စိုက်ပျိုး

အထက်မင်းလှ ဇူလိုင် ၁၁

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်စေရေး လူထုလှုပ်ရှားမှုအသွင်ဖြင့် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက သရက်-မင်းလှကားလမ်းမိုင်တိုင်အမှတ်(၄၄/၃) စစ္စနို့လမ်းဆုံအနီး၌ ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် မကွေးတိုင်းဒေသကြီး ဥပဒေချုပ် ဦးတင့်ဝေနှင့် အဖွဲ့ဝင်များ၊ ကပစ စက်ရုံမှူး ဗိုလ်မှူးကြီးရွှေမြ၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများက ပိတောက်ပင် ၂၅၀၊ ကုက္ကိုပင် ၁၀၀ နှင့် တမာပင် ၂၅၀ ပျိုးပင်ပေါင်း ၆၀၀ အား အပူပိုင်းဒေသ စိမ်းလန်းစိုပြည်စေရန် စုပေါင်းစိုက်ပျိုးကြသည်။



**ဆောင်ရွက်လျက်ရှိ**

မင်းလှမြို့နယ်တွင် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး၊ သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရေး၊ ဂေဟစနစ်များ မျှတကောင်းမွန်စေရေး၊ ရေမြေထိန်းသိမ်းပြီး သဘာဝဘေးအန္တရာယ်များမှ တားဆီးကာကွယ်နိုင်ရေး၊ ရာသီဥတုမျှတကောင်းမွန်ရေးတို့အတွက် နှစ်စဉ်မိုးရာသီစုပေါင်းသစ်ပင် စိုက်ပျိုးပွဲများကို ကြိုးပမ်းစိုက်ပျိုး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝင်းမြတ်(အထက်မင်းလှ)**

# မြင်းခြံတက္ကသိုလ်၌ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

မြင်းခြံ ဇူလိုင် ၁၁

မန္တလေးတိုင်းဒေသကြီး မြင်းခြံတက္ကသိုလ်၌ အပူပိုင်းဒေသ ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေး ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

ဦးစွာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းဦးစီးချုပ် ဗိုလ်မှူးချုပ်ဖြိုးဝေမြင့်က အမှာစကားပြောကြားပြီး တာဝန်ရှိသူများက စိုက်ပျိုးကြမည့် ပျိုးပင်များအား ဖြန့်ဝေပေးသည်။ ထို့နောက် တက်ရောက်လာသူများက တမာပင် ၁၂၀၊ စိန်ပန်းပင် ၁၂၀၊ မန်ကျည်းပင် ၁၂၀၊ ဗာဒံပင် ၁၂၀၊ မဲဇလီပင် ၁၂၀ တို့ကို စုပေါင်းစိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။ **ကျော်စွာ(မြင်းခြံ)**



## မင်္ဂလာဒုံမြို့နယ် လှော်ကားရေဝေရေလဲဧရိယာအတွင်း မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



ရန်ကုန် ဇူလိုင် ၁၁

၂၀၂၅ ခုနှစ် ဆင့္မအကြိမ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် လှော်ကားရေဝေရေလဲဧရိယာအတွင်း ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်းနှင့် ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့မှ တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကား ပြောကြားသည်။ ထို့နောက် တက်ရောက်လာသူများနှင့် အတူ သတ်မှတ်နေရာများ၌ အရိပ်ရ လေကာပင်များကိုစိုက်ပျိုးပေးကြပြီး တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့မှ တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများက သတ်မှတ်နေရာများ၌ ပျဉ်းကတိုး ၆၀၀၊ ပျဉ်းမ ၁၀၀၀၊ မဟော်ဂနီ ၅၀၀၊ ပိတောက် ၁၀၀၊ ကံ့ကော် ၂၀၀၊ တယ် ၅၀၀ ၊ မအူ ၁၀၀၀၊ မန်ကျည်းရှား ၁၀၀၀ ၊ ခရေ ၁၂၂ ပင် အပါအဝင် ပျိုးပင်ပေါင်း ၅၀၂၂ ပင်ကို အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ဖွဲ့ထက်ကို(ပြန်/ဆက်)

## ပေါင်မြို့နယ်၌ အခြေခံလူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်ပွဲ ကျင်းပ

ပေါင် ဇူလိုင် ၁၁

မွန်ပြည်နယ် ပေါင်မြို့နယ်၌ အခြေခံ လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း ဖွင့်ပွဲကို ယနေ့ မွန်းလွဲ ၂ နာရီက ကန်ဖြူကျေးရွာ ကျေးလက်ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထင်လင်းအောင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးခွန်ထွန်းထွန်းလှက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက သင်တန်းသူတစ်ဦးထံ သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။

အဆိုပါသင်တန်းကို သင်တန်းဆရာ နှစ်ဦးက သင်တန်းသား ၁၀ဦးတို့ဖြင့် ခုနစ်ရက် ကြာဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

မွန်မလေး(ပြန်/ဆက်)



## လှိုင်ကော်မြို့၌ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်းပွဲ ကျင်းပ



လှိုင်ကော် ဇူလိုင် ၁၁

ကယားပြည်နယ် အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနက ဖွင့်လှစ်သည့် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေးစီမံကိန်းပါ ဒေသတစ်ခု ထုတ်ကုန်တစ်ခုဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းဖြင့် ဖွင့်လှစ်သည့် တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာ သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းက လှိုင်ကော်မြို့ သူရလမ်း၊ ဒေါ်တမရပ်ကွက်ရှိ ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်မျိုးသန်းက သင်တန်းဆင်း အမှာစကားပြောကြားသည်။ ထို့နောက် ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ဆန်းဝင်းက သင်တန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက သင်တန်းထွက် ကုန်ချောပစ္စည်းများအား ပေးအပ်ရာ သင်တန်းသားကိုယ်စားလှယ်တစ်ဦးက လက်ခံရယူသည်။

ဆက်လက်၍ ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် တက်ရောက်လာသူများက သင်တန်းသား သင်တန်းသူများ၏ စားသောက်ကုန် ပစ္စည်းများကို လှည့်လည်ကြည့်ရှုသည်။ ယခုဖွင့်လှစ်သည့် သင်တန်းတွင် မုန့်လုပ်နည်း ၂၆ မျိုးကို အခြေခံသင်တန်းကာလ ၁ ပတ်၊ မွန်းမံသင်တန်းကာလ ၁ ပတ် ဖွင့်လှစ်သင်ကြားခဲ့ပြီး သင်တန်းသား သင်တန်းသူ ၁၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## အုတ်တွင်းမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

အုတ်တွင်း ဇူလိုင် ၁၁

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်၌ သစ်တောဦးစီးဌာနမှ ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက ပေါက်တောကျေးရွာအုပ်စု ရေသိုးဆည်အနီး ပန်းတင်တောင်၌ ကျင်းပသည်။

အခမ်းအနားတွင် ကျွန်း၊ ပျဉ်းမ၊ ပိတောက်၊ မဲဇလီ၊ ယမနေ၊ ကုက္ကိုလ်၊ မန်ကျည်းရှား၊ မကျီးပင် စုစုပေါင်းပျိုးပင် ၆၀၀ ကို အုတ်တွင်းတပ်နယ်မှ တပ်နယ်မှူး ဗိုလ်မှူးချုပ်ဆန်းညွန့်လှိုင်နှင့် တပ်ရင်း/တပ်ဖွဲ့မှူးများ၊ စစ်သည်/ရဲမေများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအဏ္ဏဝါအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

ခင်ခင်မာ(ပြန်/ဆက်)





## တောင်တွင်းကြီးမြို့နယ်၌ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

တောင်တွင်းကြီး ဇူလိုင် ၁၁

မကွေးတိုင်း ဒေသကြီး တောင်တွင်းကြီးမြို့နယ်တွင် အပူပိုင်းဒေသ ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေး ၂၀၂၅ ခုနှစ် မိုးရာသီ လူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက ပရပ်ကြယ်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်သူဦးက အမှာစကား ပြောကြားပြီး တပ်နယ်မှူး ဗိုလ်မှူးချုပ်ထွန်းထွန်းနိုင်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဆန်းဦး၊ နယ်မြေခံတပ်မှူး ဗိုလ်မှူးကြီးကျော်သန်းဆွေတို့က ယင်းမာ၊ တမာ၊ ယူကလစ်၊ ဖျောက်ဆိပ်၊ မဲဇလီ၊ မြန်မာရှားစသည့်ပျိုးပင်၆၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ထားဝယ်မြို့နယ် တလိုင်းတောင်–ဇလွန်း ကျေးရွာချင်းဆက်လမ်း ကျောက်ချောလမ်းခင်း

ထားဝယ် ဇူလိုင် ၁၁

တနင်္သာရီတိုင်း ဒေသကြီး ထားဝယ်မြို့နယ် ကျေးလက်နေပြည်သူများအတွက် တလိုင်းတောင်–ဇလွန်း ကျေးရွာချင်းဆက်လမ်း ကျောက်ချောလမ်း ခင်းခြင်းလုပ်ငန်းဆောင်ရွက်ရန် ယမန်နေ့နံနက်ပိုင်းက ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)၊ မြို့နယ်တာဝန်ခံတို့က ကြည့်ရှုစစ်ဆေးသည်။



ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် အဆိုပါ ကျေးရွာချင်းဆက်လမ်း (၁/၄)မိုင်ကို ကျောက်ချောလမ်း ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ငွေဇင်ယော်(ထားဝယ်)

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# လူမှုစီးပွားဖွံ့ဖြိုးဖို့ သန်းခေါင်စာရင်းအချက်အလက်များကို အသုံးပြုစို့

ဇူလိုင်လ ၁၁ ရက်နေ့သည် ကမ္ဘာ့လူဦးရေနေ့ဖြစ်သည်။ ၁၉၈၇ ခုနှစ် ဇူလိုင်လ ၁၁ ရက်နေ့တွင် ကမ္ဘာ့လူဦးရေ သန်းငါးထောင်ပြည့်မြောက်ခဲ့သလို ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့က ကမ္ဘာ့လူဦးရေ သန်းရှစ်ထောင်ပြည့်မြောက်ခဲ့ပြီး ဖြစ်ပါသည်။

မောင်မုဒိတာ

ကမ္ဘာ့နိုင်ငံအသီးသီးတွင် အရေးတကြီးဖြေရှင်းရမည့် လူဦးရေဆိုင်ရာပြဿနာများ၊ လူသားအားလုံးဘက်စုံဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အစီအစဉ်များကို အာရုံစိုက်မိပြီး အသိပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ကမ္ဘာ့လူဦးရေ သန်းငါးထောင်ပြည့်မြောက်ခဲ့သည့် ၁၉၈၇ ခုနှစ် ဇူလိုင်လ ၁၁ ရက်နေ့ကို ကမ္ဘာ့လူဦးရေနေ့အဖြစ်သတ်မှတ်ကာ နှစ်စဉ်အထိမ်းအမှတ်အခမ်းအနားများ ကျင်းပခဲ့ကြပါသည်။ နှစ်စဉ်ကျင်းပသည့် အခမ်းအနားများကိုလည်း ကမ္ဘာ့နိုင်ငံအသီးသီး၌ ကြုံတွေ့နေရသည့် စိန်ခေါ်မှုများ၏ အခြေအနေအကြောင်းကြောင်းပေါ်မူတည်၍ အလေးပေးဖြေရှင်းဆောင်ရွက်သင့်သည့်အချက်များကို မီးမောင်းထိုးပြသည့် ကမ္ဘာ့လူဦးရေနေ့ဆောင်ပုဒ်များကို သတ်မှတ်ကျင်းပခဲ့ကြပါသည်။

## (၃၆)ကြိမ်မြောက်အခမ်းအနား ကျင်းပခဲ့ပြီးဖြစ်

မိမိတို့နိုင်ငံသည်လည်း ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ်အခမ်းအနားကို ၁၉၉၀ ပြည့်နှစ်မှစ၍ နှစ်စဉ်ကျင်းပခဲ့ရာ ယခုဆိုလျှင် (၃၆)ကြိမ်မြောက် အခမ်းအနား ကျင်းပခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ ကျင်းပရာတွင်လည်း နှစ်အလိုက် ကုလသမဂ္ဂက ချမှတ်ထားသည့် လူဦးရေဆိုင်ရာဆောင်ပုဒ်များကိုအခြေခံပြီး မိမိတို့နိုင်ငံ၏ လူဦးရေနှင့်ဖွံ့ဖြိုးမှုဆိုင်ရာ ကဏ္ဍများကို ထိရောက်စွာထင်ဟပ်ဆောင်ရွက်နိုင်မည့် ဆောင်ပုဒ်များ သတ်မှတ်ကာ အလေးထားကျင်းပခဲ့ခြင်းဖြစ်ပါသည်။

မိမိတို့နိုင်ငံအတွက် ယခု ၂၀၂၅ ခုနှစ်၊ ကမ္ဘာ့လူဦးရေနေ့ဆောင်ပုဒ်အဖြစ် **"လူမှုစီးပွားဖွံ့ဖြိုးဖို့ သန်းခေါင်စာရင်းအချက်အလက်များကို အသုံးပြုစို့"** ဟု သတ်မှတ်ခဲ့ပါသည်။ ဤဆောင်ပုဒ်သည် သန်းခေါင်စာရင်းအချက်အလက်များကို ထိထိရောက်ရောက်အသုံးပြုကာ နိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းအကောင်အထည်ဖော်ရန် တိုက်တွန်းချက်တစ်ရပ်ပင်ဖြစ်ပါသည်။ လက်ရှိအခြေအနေတွင် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် ပြည်သူအားလုံး ပူးပေါင်းပါဝင်ကာ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကြီးကို အောင်မြင်စွာကောက်ယူဆောင်ရွက်ခဲ့ပြီးဖြစ်သလို ရွှေ့ပြောင်းလူဦးရေစာရင်းကိုလည်း ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့က ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။ မကြာမတင်ကာလတွင် သန်းခေါင်စာရင်းပင်မအစီရင်ခံစာ ထုတ်ပြန်နိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းနေချိန်လည်းဖြစ်ပါသည်။

ဤနေရာမှာ အလျဉ်းသင့်၍တင်ပြရလျှင် သန်းခေါင်စာရင်းဆိုသည်မှာ လူဦးရေဆိုင်ရာအကြောင်းအရာ၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ အကြောင်းအရာများကို တစ်နိုင်ငံလုံး (သို့မဟုတ်) သတ်မှတ်နယ်မြေဒေသတစ်ခုတွင် လူတိုင်းကို တစ်ကြိမ်တည်း၊ တစ်ပြိုင်တည်း မေးမြန်းကောက်ယူခြင်းမှရရှိသည့် စာရင်းအချက်အလက်များဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံ၏ လူဦးရေ၊ စီးပွားရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များကို ကဏ္ဍအလိုက် အချိုးညီညီ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် မူဝါဒများ၊ စီမံကိန်းများရေးဆွဲချမှတ် အကောင်အထည်ဖော်ရာတွင် အခြေခံအသုံးပြုရသည့် လူဦးရေကိန်းဂဏန်းအချက်အလက်များကို သန်းခေါင်စာရင်းမှသာ ရရှိနိုင်မည်ဖြစ်ပါသည်။

ထို့ကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးက သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို မလွဲမသွေဆောင်ရွက်ကြရပါသည်။ သို့သော် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းသည် လုပ်ငန်းပမာဏကြီးမားကျယ်ပြန့်သလောက် ငွေကုန်ကြေးကျများပြားသည့်အတွက် နိုင်ငံအများစုက ဆယ်နှစ်လျှင် တစ်ကြိမ်သာ ကောက်ယူခဲ့ကြပါသည်။

ဇယား (၁) တိုင်းဒေသကြီး/ပြည်နယ်များတွင် ကျား/မအလိုက် လူဦးရေပျံ့နှံ့နေထိုင်မှု

| တိုင်းဒေသကြီး/ပြည်နယ် | စာရင်းကောက်ယူရရှိသောလူဦးရေ | | | ကျား/မ အချိုး | မကောက်ယူနိုင်သောဒေသများအတွက် ခန့်မှန်းလူဦးရေ | စုစုပေါင်း လူဦးရေ | လူဦးရေ အချိုး (%) |
|---|---|---|---|---|---|---|---|
| | ပေါင်း | ကျား | မ | | | | |
| ပြည်ထောင်စု | ၃၂,၁၉၁,၄၀၇ | ၁၅,၁၀၅,၂၁၅ | ၁၇,၀၈၆,၁၉၂ | ၈၈ | ၁၉,၁၂၅,၃၄၉ | ၅၁,၃၁၆,၇၅၆ | ၁၀၀ |
| ကချင် | ၇၇၅,၂၇၃ | ၃၆၈,၇၅၇ | ၄၀၆,၅၁၆ | ၉၁ | ၁,၄၂၂,၀၁၀ | ၂,၁၉၇,၂၈၃ | ၄.၃ |
| ကယား | ၃၈,၂၄၀ | ၂၀,၈၂၂ | ၁၇,၄၁၈ | ၁၂၀ | ၂၅၈,၆၆၃ | ၂၉၆,၉၀၃ | ၀.၆ |
| ကရင် | ၇၇၂,၆၀၉ | ၃၆၈,၉၂၆ | ၄၀၃,၆၈၃ | ၉၁ | ၇၁၈,၃၅၉ | ၁,၄၉၀,၉၆၈ | ၂.၉ |
| ချင်း | ၂၉,၂၃၄ | ၁၄,၄၈၃ | ၁၄,၇၅၁ | ၉၈ | ၃၄၃,၇၉၀ | ၃၇၃,၀၂၄ | ၀.၇ |
| စစ်ကိုင်း | ၈၀၂,၃၄၄ | ၃၇၃,၆၇၂ | ၄၂၈,၆၇၂ | ၈၇ | ၅,၂၁၃,၂၄၆ | ၆,၀၁၅,၅၉၀ | ၁၁.၇ |
| တနင်္သာရီ | ၇၇၃,၂၄၉ | ၃၇၁,၈၉၈ | ၄၀၁,၃၅၁ | ၉၃ | ၆၀၇,၃၁၈ | ၁,၃၈၀,၅၆၇ | ၂.၇ |
| ပဲခူး | ၃,၈၈၁,၁၆၄ | ၁,၈၀၈,၆၀၂ | ၂,၀၇၂,၅၆၂ | ၈၇ | ၅၇၂,၅၂၇ | ၄,၄၅၃,၆၉၁ | ၈.၇ |
| မကွေး | ၂,၀၃၂,၀၄၂ | ၉၂၄,၃၁၄ | ၁,၁၀၇,၇၂၈ | ၈၃ | ၂,၀၄၆,၄၆၂ | ၄,၀၇၈,၅၀၄ | ၇.၉ |
| မန္တလေး | ၄,၄၆၅,၅၉၈ | ၂,၀၇၈,၆၃၅ | ၂,၃၈၆,၉၆၃ | ၈၇ | ၁,၈၁၈,၀၆၅ | ၆,၂၈၃,၆၆၃ | ၁၂.၂ |
| မွန် | ၁,၂၈၆,၀၇၃ | ၅၉၀,၈၆၂ | ၆၉၅,၂၁၁ | ၈၅ | ၄၃၁,၀၉၃ | ၁,၇၁၇,၁၆၆ | ၃.၃ |
| ရခိုင် | ၃၄၅,၄၃၁ | ၁၆၈,၆၀၃ | ၁၇၆,၈၂၈ | ၉၅ | ၂,၁၂၀,၉၃၄ | ၂,၄၆၆,၃၈၅ | ၄.၈ |
| ရန်ကုန် | ၇,၃၇၀,၀၁၀ | ၃,၃၉၆,၇၅၅ | ၃,၉၇၃,၂၅၅ | ၈၅ | - | ၇,၃၇၀,၀၁၀ | ၁၄.၄ |
| ရှမ်း | ၂,၉၄၄,၅၁၅ | ၁,၄၄၂,၉၁၉ | ၁,၅၀၁,၅၉၆ | ၉၆ | ၃,၅၇၂,၈၆၂ | ၆,၅၁၇,၃၇၇ | ၁၂.၇ |
| ဧရာဝတီ | ၅,၅၄၆,၂၈၁ | ၂,၆၄၉,၂၇၀ | ၂,၈၉၇,၀၁၁ | ၉၁ | - | ၅,၅၄၆,၂၈၁ | ၁၀.၈ |
| နေပြည်တော် | ၁,၁၂၉,၃၄၄ | ၅၂၆,၆၉၇ | ၆၀၂,၆၄၇ | ၈၇ | - | ၁,၁၂၉,၃၄၄ | ၂.၂ |

တိုင်းဒေသကြီး/ပြည်နယ်အလိုက် လူဦးရေအချိုးကို ပုံ (၁) တွင် ဖော်ပြထားပါသည်။ လူဦးရေအချိုးအများဆုံးဒေသများမှာ ရန်ကုန်တိုင်းဒေသကြီး (၁၄.၄%)၊ ရှမ်းပြည်နယ် (၁၂.၇%) နှင့် မန္တလေးတိုင်းဒေသကြီး (၁၂.၂%) တို့ဖြစ်ပါသည်။ အဆိုပါတိုင်းဒေသကြီး/ပြည်နယ် (၃) ခု၏ လူဦးရေသည် စုစုပေါင်းလူဦးရေ၏ (၃၉.၃) ရာခိုင်နှုန်းခန့် ရှိပါသည်။ လူဦးရေအနည်းဆုံးဒေသများမှာ ကယားပြည်နယ် (၀.၆%)၊ ချင်းပြည်နယ် (၀.၇%) နှင့် နေပြည်တော် (၂.၂%) တို့ဖြစ်ပြီး စုစုပေါင်းလူဦးရေ၏ (၃.၅) ရာခိုင်နှုန်းခန့်သာရှိသည်ကို တွေ့ရှိရပါသည်။

ရွှေ့ပြောင်းလူဦးရေစာရင်း ၁၃

သန်းခေါင်စာရင်းမှရရှိသော အချက်အလက်များသည် လူဦးရေစုစုပေါင်းကိုသာ ဖော်ပြခြင်းမဟုတ်ဘဲ နိုင်ငံအတွင်းရှိနေသူများ၏ အသက်အပိုင်းအခြားအလိုက် ပညာအရည်အချင်း၊ အလုပ်အကိုင်စသည့် လူတစ်ဦးချင်းစီနှင့်ပတ်သက်သည့် အကြောင်းအရာများသာမက အိမ်အကြောင်းအရာများကို မှတ်တမ်းတင်ခြင်းဖြစ်သည့်အတွက် လူမှုစီးပွားဆိုင်ရာကဏ္ဍအားလုံးနှင့်သက်ဆိုင်သည့် အချက်အလက်များစွာ စုစည်းရရှိခြင်းပင်ဖြစ်ပါသည်။

ထို့ကြောင့် သန်းခေါင်စာရင်းဆိုင်ရာ လူဦးရေစာရင်းဇယား ကိန်းဂဏန်းအချက်အလက်များကို အခြေခံအသုံးပြုပြီး နိုင်ငံ၏ အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုနယ်ပယ်အဆင့်တိုင်းအတွက် ထိရောက်သည့် ဖွံ့ဖြိုးမှုစီမံကိန်းများရေးဆွဲချမှတ်ခြင်း၊ နိုင်ငံ၏သယံဇာတရင်းမြစ်များ ခွဲဝေသတ်မှတ်ခြင်း၊ ဘဏ္ဍာငွေခွဲဝေချထားခြင်း၊ နယ်မြေရိယာနယ်နိမိတ်များ ပြန်လည်ဆန်းစစ်ခြင်း စသည့်လုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်ကြခြင်းဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံ၏ သန်းခေါင်စာရင်းအချက်အလက်များသည် ယင်းနိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို ဤသို့ဤနှယ် ထင်ဟပ်ပြသနေသည့်အတွက် နိုင်ငံ၏ကြေးမုံပြင်ဟု တင်စားနိုင်သလို သန်းခေါင်စာရင်းက ညွှန်းဆိုပြသသည့် နိုင်ငံ့ပုံရိပ်ဟုဆိုချင်ပါသည်။

## သန်းခေါင်စာရင်း အချက်အလက်များကို ကမ္ဘာသိထုတ်ပြန်နိုင်ခဲ့

မိမိတို့နိုင်ငံတွင်လည်း သန်းခေါင်စာရင်းလုပ်ငန်းစဉ်ကို ရှေးယခင်အစဉ်အဆက် ကောက်ယူခဲ့ကြပြီး ရရှိလာသည့် စာရင်းဇယားများကို အခြေခံကာ နိုင်ငံတော်အတွက် လိုအပ်သည့် စီမံကိန်းများချမှတ်ရာ၌ အသုံးပြုခဲ့ကြကြောင်းလည်း သိရှိခဲ့ရပါသည်။ သန်းခေါင်စာရင်းလုပ်ငန်းစဉ် တစ်ခုနှင့်တစ်ခုအကြား နှစ်ကာလရှည်ကြာစွာ ကွာဟခဲ့သည်လည်းရှိသလို များသောအားဖြင့် ဆယ်နှစ်လျှင်တစ်ကြိမ် ကောက်ယူခဲ့ကြသည်ကို တွေ့ရှိရပါသည်။ ၁၉၈၃ ခုနှစ်တွင် ကောက်ယူခဲ့ပြီး နောက်ပိုင်း ၂၀၁၄ ခုနှစ်တွင် ပြည်လုံးကျွတ်အဆင့် ကောက်ယူနိုင်ခဲ့ကာ နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ သန်းခေါင်စာရင်းအချက်အလက်များကို ကမ္ဘာသိထုတ်ပြန်နိုင်ခဲ့ပါသည်။

ကောက်ယူခဲ့သည့်ကာလမှစ၍ ကြားကာလများကိုလည်း လူဦးရေဆိုင်ရာပညာဖြင့် လူဦးရေခန့်မှန်းထုတ်ပြန်ခြင်းကိုလည်း နှစ်စဉ်ဆောင်ရွက်ကြရပါသည်။ သို့မှသာ ယင်းကာလများအတွင်း နိုင်ငံ၏လူမှုစီးပွားဖွံ့ဖြိုးမှုဆိုင်ရာမူဝါဒများ၊ စီမံကိန်းများရေးဆွဲနိုင်ရေးအတွက် အခြေခံအသုံးပြုမည့် လူဦးရေစာရင်းကို အနီးစပ်ဆုံးမှန်မှန်ကန်ကန်ရရှိနိုင်မည်ဖြစ်ပါသည်။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံ၏လူဦးရေ ၅၁ ဒသမ ၃ သန်းကျော်ရှိပါသည်။ ၂၀၁၄ ခုနှစ် ကောက်ယူပြီးနောက် ဆယ်နှစ်အကြာ ၂၀၂၄ ခုနှစ်တွင်လည်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အောင်မြင်စွာ ကောက်ယူနိုင်ခဲ့ပါသည်။

၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းသည် တစ်နိုင်ငံလုံးဟုဆိုသော်လည်း ဒေသတချို့၌ လုံခြုံရေးအခြေအနေအရ ရာနှုန်းပြည့် ကောက်ယူနိုင်ခဲ့ခြင်းမရှိခဲ့ပါ။ ရွှေ့ပြောင်းလူဦးရေစာရင်းအရ မြို့နယ်ပေါင်း ၃၃၀ အနက် ရာနှုန်းပြည့်အဖြစ် ၁၄၅ မြို့နယ်၊ တစ်စိတ်တစ်ပိုင်းနှင့် ရက်တိုးမြှင့်ကာ နောက်ကျကောက်ယူမှုအဖြစ် ၁၂၇ မြို့နယ်ရှိခဲ့ပြီး လုံးဝကောက်ယူနိုင်ခြင်းမရှိသည့် မြို့နယ် ၅၈ မြို့နယ် ရှိခဲ့ပါသည်။ မကောက်ယူနိုင်သည့်ဒေသများအတွက် လူဦးရေခန့်မှန်းခြင်းလုပ်ငန်းကို Earth Remote Sensing (ERS) နည်းပညာနှင့် GIS နည်းပညာတို့ကို ပေါင်းစပ်အသုံးပြုဆောင်ရွက်ခဲ့ကြပါသည်။ နည်းပညာအသုံးပြုမှုကလည်း အချက်အလက်များကို တိကျခိုင်မာမှုရှိစေပါသည်။

ရွှေ့ပြောင်းလူဦးရေစာရင်းအရ သန်းခေါင်စာရင်းကောက်ယူရရှိသည့်လူဦးရေ ၃၂၁၉၁၄၀၇ ဦး၊ စာရင်းမကောက်နိုင်သည့်ဒေသများအတွက် နည်းပညာအသုံးပြု ခန့်မှန်းလူဦးရေ ၁၉၁၂၅၃၄၉ ဦး၊ သန်းခေါင်စာရင်းရည်ညွှန်းချိန်၌ မိမိတို့နိုင်ငံအတွင်းရှိနေသည့် လူဦးရေစုစုပေါင်းမှာ ၅၁၃၁၆၇၅၆ ဦး ဖြစ်ကြောင်း ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။ စာရင်းအရ အမျိုးသား (ကျား) ၁၅၁၀၅၂၁၅ ဦး၊ အမျိုးသမီး (မ) ၁၇၀၈၆၁၉၂ ဦးဖြစ်၍ အမျိုးသား ၄၆ ဒသမ ၉ ရာခိုင်နှုန်း၊ အမျိုးသမီး ၅၃ ဒသမ ၁ ရာခိုင်နှုန်း ဖြစ်ကြောင်းတွေ့ရပါသည်။ တိုင်းဒေသကြီး/ပြည်နယ်အလိုက် လူဦးရေပျံ့နှံ့နေထိုင်မှုအဖြစ် အများဆုံးမှာ ရန်ကုန်တိုင်းဒေသကြီး ၁၄ ဒသမ ၄ ရာခိုင်နှုန်းဖြစ်ပြီး အနည်းဆုံးမှာ ကယားပြည်နယ် သုည ဒသမ ၆ ရာခိုင်နှုန်းဖြစ်ကြောင်းလည်း တွေ့ရပါသည်။

သန်းခေါင်စာရင်းကောက်ယူမှုအခြေအနေများနှင့် နှစ်စဉ်ခန့်မှန်းတွက်ချက်မှုအခြေအနေများအရ မိမိတို့နိုင်ငံ၏ လူဦးရေသည် နှစ်စဉ်လူဦးရေတိုးပွားလျက်ရှိသော်လည်း ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းမှာ ၂၀၁၄ ခုနှစ်တွင်ရှိသည့်လူဦးရေထက် လျော့နည်းနေသည်ကို တွေ့ရှိရပါသည်။ ယင်းအချက်အလက်အရ နိုင်ငံ၏ လူဦးရေတိုးပွားနှုန်းနှင့် တိုက်ရိုက်အကျိုးသက်ရောက်မှုရှိစေသည့် ကလေးမွေးဖွားနှုန်း၊ သေဆုံးနှုန်း၊ ပြည်ပရွှေ့ပြောင်းသွားလာမှုများကို လေ့လာဆန်းစစ်ရန် လိုအပ်မည်ဖြစ်ပါသည်။ ယင်းအခြေအနေများကို ဆန်းစစ်ကြည့်ပါက မိမိတို့နိုင်ငံ၏ ကလေးမွေးဖွားနှုန်းသည် ဆက်တိုက်ကျဆင်းနေကြောင်း တွေ့ရပါသည်။

မိခင်တစ်ဦး၏ ကလေးမွေးနှုန်းသည် နှစ်ဦးအောက် လျော့နည်းနေပြီဆိုပါက အမိ၊ အဖ နေရာပြန်လည်အစားထိုးနိုင်ခြင်းမရှိသည့်အတွက် တဖြည်းဖြည်းလျော့နည်းကျဆင်းနေမည်သာဖြစ်ပါသည်။ သေဆုံးနှုန်းကိုကြည့်ပါကလည်း ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားမှုအပြင် လက်ရှိ အကြမ်းဖက်ဖြစ်စဉ်များကြောင့် သေဆုံးမှုနှုန်း မြင့်မားသကဲ့သို့ ယင်းဖြစ်စဉ်များကြောင့် မွေးဖွားနှုန်းကိုလည်း သက်ရောက်မှုရှိခဲ့ပါသည်။ အလုပ်အကိုင်အခွင့်အလမ်း နည်းပါးမှုကြောင့်လည်း လူငယ်အများအပြားသည် ပြည်ပနိုင်ငံများသို့ ထွက်ခွာမှုက ပိုမိုများပြားလာပါသည်။ ထိုအခြေအနေများအရ လူဦးရေက လျော့နည်းလာသည်ဟု သုံးသပ်နိုင်ပါသည်။ သုံးသပ်မှုများအပေါ် လိုအပ်ချက်များကို နိုင်ငံတော်က မူဝါဒများရေးဆွဲကာ ကောင်းမွန်သောအနာဂတ်ကို ဖန်တီးပုံဖော်နိုင်မည်ဖြစ်ပါသည်။

စာမျက်နှာ ၁၃ သို့

> **သန်းခေါင်စာရင်းဆိုင်ရာ လူဦးရေစာရင်းဇယား ကိန်းဂဏန်းအချက်အလက်များကို အခြေခံအသုံးပြုပြီး နိုင်ငံ၏အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုနယ်ပယ်အဆင့်တိုင်းအတွက် ထိရောက်သည့် ဖွံ့ဖြိုးမှုစီမံကိန်းများ ရေးဆွဲချမှတ်ခြင်း၊ နိုင်ငံ၏သယံဇာတရင်းမြစ်များ ခွဲဝေသတ်မှတ်ခြင်း၊ ဘဏ္ဍာငွေခွဲဝေချထားခြင်း၊ နယ်မြေရိယာနယ်နိမိတ်များ ပြန်လည်ဆန်းစစ်ခြင်း စသည့်လုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်ကြခြင်းဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံ၏ သန်းခေါင်စာရင်းအချက်အလက်များသည် ယင်းနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုကို ဤသို့ဤနှယ် ထင်ဟပ်ပြသနေသည့်အတွက် နိုင်ငံ၏ကြေးမုံပြင်ဟု တင်စားနိုင်သလို သန်းခေါင်စာရင်းက ညွှန်းဆိုပြသသည့် နိုင်ငံ့ပုံရိပ်ဟုဆိုချင်**

# စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်အတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အလေးထားကြိုးပမ်းဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ




ပုသိမ် ဇူလိုင် ၁၁

စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်အတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအလေးထားကြိုးပမ်းဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ ညနေပိုင်းက ပုသိမ်မြို့ ရောရွှေဝါခန်းမ၌ ပြုလုပ်သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက အမှာစကား ပြောကြားခဲ့သည်။

ဆက်လက်၍ သက်ဆိုင်ရာဌာနဆိုင်ရာများ၊ ခရိုင်အလိုက် စိုက်ပျိုးမွေးမြူရေး တာဝန်ရှိသူများနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက သီးနှံစိုက်ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်း ပြောင်းလဲစိုက်ပျိုးမည့်အစီအမံများ၊ စိုက်ဧကများပြည့်မီစွာ စိုက်ပျိုးနိုင်ရေးဆောင်ရွက်မည့် အစီအမံများ၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းတင်ပြခဲ့ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က သီးနှံစိုက်ပန်းတိုင်အထွက်နှုန်းရောက်ရှိရေး အလေးထားဆောင်ရွက်ကြရန်၊ ရေတော်မိုးတော်စိုက်ဧက ၂၇ သိန်းကျော်တွင် သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်)များ ထည့်သွင်းစိုက်ပျိုးပြီးဖြစ်၍ မြေဆီလွှာပြန်လည်ကောင်းမွန်လာမှု၊ သွင်းအားစုထည့်သွင်းမှု လျှော့ချနိုင်မှုနှင့် အထွက်နှုန်း တိုးတက်လာမှုများအား စနစ်တကျ မှတ်တမ်းထားကြရန်၊ ပေါ်ဆန်းစပါး အရည်အသွေး ကောင်းမွန်ရေးနှင့် ဈေးကွက်ရရှိရေး ပေါ်ဆန်းဖိုရမ်ပြုလုပ်ခဲ့ပြီး ရရှိလာသည့် ရလဒ်များကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရန်၊ ပီလောပီနံ စိုက်ပျိုးထုတ်လုပ်မှုနှင့် ဈေးကွက်ဝင်သည့် ပီလောပီနံထုတ်ကုန်များ ပိုမိုထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားရန်၊ ရေငန်ဝင်ရောက်သည့်ဒေသများတွင် ရေငန်ဒဏ်ခံနိုင်သည့် မျိုးစပါးများ တိုးချဲ့စိုက်ပျိုးကြရန်၊ ကြံခင်းစနစ် ပပျောက်ရေး ကောက်စိုက်စက်များ၊ မျိုးစေ့ချကိရိယာများဖြင့် စနစ်တကျစိုက်ပျိုးနိုင်ရေးနှင့် လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## အသိပေးနှိုးဆော်ချက်

၁။ ၂၀၂၅ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် (၇၈)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပမည့် နံနက် ၀၄:၀၀ အချိန်မှ အခမ်းအနားပြီးစီးချိန်အထိ အနောက်ရွှေဂုံတိုင်လမ်းအား ရေတာရှည်လမ်းဟောင်းမှလည်းကောင်း၊ ရွှေဂုံလမ်းအား ဓမ္မစေတီ - ရွှေဂုံလမ်းဆုံမှလည်းကောင်း၊ အာဇာနည်လမ်းအား အနောက်ရွှေဂုံတိုင်လမ်းမှ ဦးထောင်ဘိုလမ်းအထိလည်းကောင်း၊ ဦးဝိစာရလမ်းအား ဦးဝိစာရအဝိုင်းမှ ဦးဝိစာရ - ဓမ္မစေတီ လမ်းဆုံထိလည်းကောင်း လမ်းပိတ်/လမ်းလွှဲဆောင်ရွက်သွားပါမည်။

၂။ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက် ဖွင့်လှစ်ပြသမည့် ၁၉.၇.၂၀၂၅ ရက်နေ့ ၀၅:၀၀ အချိန်မှ ၁၈:၀၀ အချိန်အထိ နတ်မောက်လမ်းအား ဝက်ဘာလမ်းဆုံမှ ဖိုးစိန်လမ်းဆုံထိလည်းကောင်း၊ ဗိုလ်ချုပ်ပြတိုက်လမ်းအား ငါးထပ်ကြီးဘုရားလမ်းဆုံနှင့် စောမဟာလမ်းဆုံမှလည်းကောင်း၊ ဗိုလ်ချိုလမ်းအား ရွှေကြက်ယက်လမ်းဆုံမှလည်းကောင်း လမ်းပိတ်/လမ်းလွှဲဆောင်ရွက်သွားပါမည်။

၃။ အတွင်းဝန်ရုံးတွင် အလံတင်အခမ်းအနားကျင်းပမည့် ၁၉.၇.၂၀၂၅ ရက်နေ့ ၀၅:၀၀ အချိန်မှ ၁၈:၀၀ အချိန်အထိ သိမ်ဖြူလမ်းအား ဗိုလ်ချုပ်လမ်းဆုံမှ ကုန်သည်လမ်းဆုံထိလည်းကောင်း၊ အနော်ရထာလမ်းအား ဗိုလ်မြတ်ထွန်းလမ်းဆုံမှလည်းကောင်း၊ မဟာဗန္ဓုလလမ်းအား ပန်းဆိုးတန်းလမ်းဆုံမှလည်းကောင်း၊ ဗိုလ်အောင်ကျော်လမ်းအား ကုန်သည်လမ်းဆုံမှလည်းကောင်း လမ်းပိတ်/လမ်းလွှဲဆောင်ရွက်သွားပါမည်။

၄။ သို့ဖြစ်ပါ၍ ယာဉ်မောင်းသူပြည်သူများအနေဖြင့် အခမ်းအနားကျင်းပစဉ် လမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်နေသည့် အချိန်များတွင် အခြားသင့်လျော်သောလမ်းများမှ မောင်းနှင်သွားလာကြပါရန် ကြိုတင်အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

# သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

❂ စာမျက်နှာ ၁၂ မှ

**သက်ကြီးရွယ်အိုစောင့်ရှောက်ရေး ကြိုတင်စီစဉ်ဆောင်ရွက်**

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ မိမိတို့နိုင်ငံတွင် လူငယ်၊ လူရွယ်၊ လူလတ်ပိုင်း အလုပ်လုပ်နိုင်သည့် အင်အားအများအပြားရှိနေသည့်အတွက် လူဦးရေဆုလာဘ်ရရှိနေချိန်ဖြစ်ပါသည်။ ယင်းကာလတွင် လူငယ်များအတွက်အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ပါက လူငယ်များအတွက်ရော၊ နိုင်ငံအတွက်ပါ များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ပါသည်။ ယခုအခါ အဆိုပါလူဦးရေဆုလာဘ်သည် အတိုင်းအတာတစ်ခုအထိ လျော့နည်းကျဆင်းသွားနိုင်ပါသည်။ မွေးဖွားမှုနှုန်းကျဆင်းလာပြီး ယခင်လူငယ်များက အသက်အရွယ်တစ်ခုသို့ ရောက်ရှိကြီးရင့်လာသည်နှင့်အမျှ အနာဂတ်ကာလတွင် သက်ကြီးရွယ်အိုဦးရေများပြားလာနိုင်မည်။ အသက်အရွယ်အရ ၎င်းတို့နှင့်သင့်လျော်မည့်အလုပ်အကိုင်များ၊ သက်ကြီးရွယ်အိုစောင့်ရှောက်ရေး စသည်တို့ကို ကြိုတင်စီစဉ်ဆောင်ရွက်ထားရန်လည်း လိုအပ်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံရှိ လူဦးရေအနက် မြို့ပြတွင် ၃၀ ရာခိုင်နှုန်းနေထိုင်ပြီး ကျေးလက်တွင် ၆၉ ရာခိုင်နှုန်းနေထိုင်ကြကြောင်း တွေ့ရသည်။ ထို့ပြင် အမျိုးသားလူဦးရေထက် အမျိုးသမီးလူဦးရေက ပိုများနေကြောင်း တွေ့ရှိရပါသည်။ ယင်းစာရင်းဇယားများကို ကြည့်ခြင်းအားဖြင့် နိုင်ငံတော်အစိုးရများအနေဖြင့် နိုင်ငံဖွံ့ဖြိုးရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးကို ထိထိရောက်ရောက်အလေးပေး ဆောင်ရွက်ရန်လိုအပ်သလို အမျိုးသမီးများ၏ အခန်းကဏ္ဍမြှင့်တင်ရေးကိုလည်း ဘက်ပေါင်းစုံကဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုအပ်ကြောင်း တွေ့ရှိနိုင်မည်ဖြစ်ပါသည်။ ထို့ပြင် မြန်မာနိုင်ငံ၏ လူဦးရေအရွယ်အစားပြောင်းလဲမှုနှင့် လူဦးရေသိပ်သည်းမှုတို့ကိုလည်း သန်းခေါင်စာရင်းကိန်းဂဏန်းများက ဖော်ပြလျက်ရှိရာ ယင်းအချက်အလက်များက နိုင်ငံ၏ စီးပွားရေးကဏ္ဍအပါအဝင် ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးနိုင်မှုနှင့် အိမ်ရာနေထိုင်မှုကဏ္ဍများစွာ မူဝါဒများ ချမှတ်ရာတွင် အလွန်အရေးပါလှသည်။

**သန်းခေါင်စာရင်း၏ ထူးခြားသည့်ဝိသေသလက္ခဏာ**

သန်းခေါင်စာရင်းကောက်ယူရာတွင် လူဦးရေဆိုင်ရာအချက်အလက်များအပြင် ပညာရေး၊ စီးပွားရေး၊ မွေးဖွားမှု၊ သေဆုံးမှု၊ ရွှေ့ပြောင်းသွားလာမှု၊ အိမ်အခြေအနေနှင့် အိမ်အသုံးအဆောင်ပစ္စည်းများအကြောင်းကို မေးမြန်းကောက်ယူခြင်းဖြစ်သည့်အတွက် ယင်းအချက်အလက်များသည် ကဏ္ဍပေါင်းစုံ၌ မဖြစ်မနေအခြေခံအသုံးပြုရမည့် ကိန်းဂဏန်းအချက်အလက်များပင်ဖြစ်ပါသည်။ သန်းခေါင်စာရင်း၏ ထူးခြားသည့်ဝိသေသလက္ခဏာတစ်ခုမှာ သန်းခေါင်စာရင်းအချက်အလက်များသည် ရပ်ကွက်/ကျေးရွာအုပ်စုကဲ့သို့ အုပ်ချုပ်မှုဧရိယာ အသေးငယ်ဆုံးအဆင့်အထိ လိုအပ်သည့်အချက်အလက်များကို အသုံးပြုနိုင်ရန် ပံ့ပိုးပေးနိုင်ခြင်းဖြစ်ပါသည်။ ရပ်ကွက်/ကျေးရွာ အုပ်စုအဆင့်အထိ လူဦးရေဆိုင်ရာအချက်အလက်များ၊

> သန်းခေါင်စာရင်းကောက်ယူမှုအခြေအနေများနှင့် နှစ်စဉ်ခန့်မှန်းတွက်ချက်မှုအခြေအနေများအရ မိမိတို့နိုင်ငံ၏ လူဦးရေသည် နှစ်စဉ် လူဦးရေတိုးပွားလျက်ရှိသော်လည်း ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းမှာ ၂၀၁၄ ခုနှစ်တွင်ရှိသည့်လူဦးရေထက် လျော့နည်းနေသည်ကို တွေ့ရှိရပါသည်။ ယင်းအချက်အလက်အရ နိုင်ငံ၏လူဦးရေတိုးပွားနှုန်းနှင့် တိုက်ရိုက်အကျိုးသက်ရောက်မှုရှိစေသည့် ကလေးမွေးဖွားနှုန်း၊ သေဆုံးနှုန်း၊ ပြည်ပရွှေ့ပြောင်းသွားလာမှုများကို လေ့လာဆန်းစစ်ရန် လိုအပ်မည်ဖြစ်ပါသည်။ ယင်းအခြေအနေများကိုဆန်းစစ်ကြည့်ပါက မိမိတို့နိုင်ငံ၏ ကလေးမွေးဖွားနှုန်းသည် ဆက်တိုက်ကျဆင်းနေကြောင်း တွေ့ရ

လူတစ်ဦးချင်းစီ၏ နေထိုင်မှုပုံစံနှင့် ဘဝရပ်တည်မှု အကြောင်းအရာများကိုအခြေတည်၍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လိုအပ်ချက်များကို ရပ်ကွက်/ကျေးရွာအုပ်စုမှသည် မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး/ပြည်နယ်၊ ပြည်ထောင်စုအဆင့်အထိ အဆင့်ဆင့်ဖြည့်ဆည်း ဆောင်ရွက်ကာ အကျိုးရှိရှိဖော်ဆောင်နိုင်မည်ဖြစ်ပါသည်။

ကမ္ဘာကြီးသည် တစ်နေ့တခြား ခေတ်မီနည်းပညာများ အလျင်အမြန် တိုးတက်လျက်ရှိပါသည်။ ထို့ပြင် လူဦးရေပြောင်းလဲမှုဖြစ်စဉ်များကလည်း အရှိန်အဟုန်ဖြင့် ပြောင်းလဲနေပါသည်။ ယင်းအခြေအနေများကို မျက်ခြည်မပြတ် လေ့လာသုံးသပ်၍ လူသားအကျိုးအတွက် ဖော်ဆောင်ကြရမည်ဖြစ်ပါသည်။ မိမိတို့နိုင်ငံတွင်လည်း ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်း ပင်မအစီရင်ခံစာကို မကြာမီထုတ်ပြန်တော့မည်ဖြစ်ပါသည်။ သန်းခေါင်စာရင်းမကောက်မီက ဆောင်းပါးတစ်ပုဒ်ရေးခဲ့ပါသည်။ ဆောင်းပါးအမည်က "သားစဉ်မြေးမြစ်အကျိုးဖြစ်မည့် သန်းခေါင်စာရင်း" ဖြစ်ပါသည်။

ယင်းဆောင်းပါးတွင် သန်းခေါင်စာရင်း မေးခွန်းများနှင့် ဖြေကြားချက်များအပေါ် အသုံးဝင်မည့်အခြေအနေများကို အသေးစိတ်ဖော်ပြထားပါသည်။ ယင်းဖြေကြားချက်များအရ မကြာမီထုတ်ပြန်မည့် ပင်မအစီရင်ခံစာတွင် အချက်အလက်များစွာကို ဖော်ထုတ်ထားမည်ဖြစ်ပါသည်။ အချက်အလက်အသုံးပြုသူများအနေဖြင့် ဖော်ထုတ်ချက်တစ်ခုချင်းအပေါ် မိမိနှင့်သက်ဆိုင်သည့် အချက်အလက်များကို အကျိုးရှိရှိ အသုံးပြုကြရန်သာဖြစ်ပါသည်။ လုပ်ငန်းပမာဏကြီးမားပြီး ငွေကုန်ကြေးကျများပြားသည့် လုပ်ငန်းစဉ်၏ရလဒ်သည် အသုံးပြုမည့်သူအတွက် အဖိုးတန်လှပါသည်။

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းအား မြန်မာနိုင်ငံ၏ တိကျမှန်ကန်သော လူဦးရေနှင့် လူမှုစီးပွားရေးဆိုင်ရာ စာရင်းအင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ စဉ်ဆက်မပြတ်ရရှိရန်၊ ၂၀၁၄ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်ကြား မြန်မာနိုင်ငံ၏ လူဦးရေနှင့် လူမှုစီးပွားရေးဆိုင်ရာ ပြောင်းလဲမှုများအား နှိုင်းယှဉ်လေ့လာသုတေသနပြုပြီး လိုအပ်သောမူဝါဒ၊ စီမံကိန်း၊ မဟာဗျူဟာ၊ နည်းဗျူဟာများကို ချမှတ်နိုင်ရန်၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းကို အကောင်အထည်ဖော်ရာတွင် လိုအပ်သော အညွှန်းကိန်းများ ပံ့ပိုးပေးနိုင်ရန်၊ မြန်မာနိုင်ငံ အမျိုးသားစာရင်းအင်းစနစ်၏ စာရင်းအင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့် မဟာဗျူဟာကို အထောက်အပံ့ပြုနိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ တစ်နည်းအားဖြင့် နိုင်ငံ၏ ဘက်စုံ၊ ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ထိထိရောက်ရောက် ဖော်ဆောင်နိုင်ရေးအတွက် အခြေခံကျကျအသုံးပြုရမည့် လူဦးရေကိန်းဂဏန်းအချက်အလက်များ ရရှိစေရေးအတွက်ဟု ဆိုရမည်ပင်။

**ထိထိရောက်ရောက်အသုံးပြု**

နိုင်ငံဖွံ့ဖြိုးရေးအတွက် ရည်ရွယ်ချက်ကောင်းများစွာဖြင့် ကောက်ယူဆောင်ရွက်ခဲ့သည့် သန်းခေါင်စာရင်းအချက်အလက်များသည် စာရင်းအဖြစ်ဖော်ပြရုံဖြင့် ရည်ရွယ်ချက်သို့ မပေါက်မြောက်နိုင်ပါ။ ကောက်ယူရရှိသည့် အချက်အလက်များကို ထိထိရောက်ရောက် အကျိုးရှိရှိ အသုံးပြုနိုင်မှသာလျှင် ဖွံ့ဖြိုးမှုရလဒ်ကို ရရှိနိုင်ပါမည်။ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ စီမံခန့်ခွဲရေး စသည့် ကဏ္ဍစုံခွဲခြမ်းစိတ်ဖြာအသုံးပြုမှသာ မိမိတို့နိုင်ငံအတွက် ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်ပါသည်။ ယခု သန်းခေါင်စာရင်းက ကောက်ယူခဲ့ပြီးဖြစ်သလို ခိုင်မာသည့်ကိန်းဂဏန်းအချက်အလက်များက ရရှိနေပြီဖြစ်ပါသည်။ ယင်းအချက်အလက်များကို ထိထိရောက်ရောက်အသုံးပြုပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်နိုင်ကြပါရန် ရေးသားတင်ပြလိုက်ရပါသည်။ ။

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ငလျင်ဘေးပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၁

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သော ဇမ္ဗူသီရိမြို့နယ် ခရေအိမ်ရာရှိ တိုက်အမှတ် (၉၆) ပြန်လည်ပြုပြင်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အပိုင်းလိုက်၊ အခန်းလိုက် အမြန်ပြီးစီးအောင်ဆောင်ရွက်ရေး၊ ရေရှည်ခိုင်ခံ့မှုရှိအောင် စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရေးမှာကြားသည်။

ဆက်လက်၍ ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သော ဇမ္ဗူသီရိမြို့နယ် ဓနသိဒ္ဓိရပ်ကွက်ရှိ တိုက်အမှတ် (၁၃၀၉) နှင့် (၁၃၀၇) တို့ကို ဖယ်ရှားရှင်းလင်းဆောင်ရွက်နေမှုကိုလည်းကောင်း၊ ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သော လယ်ဝေးမြို့နယ် ရာဇသင်္ဂဟလမ်းမကြီး လမ်းပိုင်းများပြန်လည်ပြုပြင်နေမှုကိုလည်းကောင်း၊ ဇမ္ဗူသီရိမြို့နယ် သပြေကုန်းအပိုင်း မြေထိန်းနံရံများ ပြန်လည်ပြုပြင်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အမြန်ပြီးစီးအောင်ဆောင်ရွက်ရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ဆယ်တင်ပစ္စည်းများ စနစ်တကျထိန်းသိမ်းထားရှိရေးတို့ကို မှာကြားသည်။

ယမန်နေ့ ညနေပိုင်းကလည်း ငလျင်ဘေးကြောင့် ပြိုကျပျက်စီးခဲ့သည့် ဇမ္ဗူသီရိမြို့နယ် ဉာဏသိဒ္ဓိရပ်ကွက်ရှိ အဆောက်အအုံများ ပြန်လည်ဆောက်လုပ်ရန် မြေနေရာရှင်းလင်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းများအမြန်ပြီးစီးအောင် ဆောင်ရွက်ရေးမှာကြားခဲ့ကြောင်း သိရသည်။

မျိုးသီဟ(ပြန်/ဆက်)



# နိုင်ငံတော်က လုပ်ငန်းရှင်များအား ထုတ်ချေးပေးထားသည့် ချေးငွေများအပြည့်အဝ ပေးသွင်းရေး ညှိနှိုင်းအစည်းအဝေးနှင့် တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီအစည်းအဝေး ကျင်းပ

မုံရွာ ဇူလိုင် ၁၁

စစ်ကိုင်းတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အစည်းအဝေး (၆/၂၀၂၅)ကို ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ကော်မတီအတွင်းရေးမှူးက ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် စိစစ်ကြပ်မတ်ခဲ့သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို လည်းကောင်း၊ ကော်မတီအဖွဲ့ဝင်များက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် အဖွဲ့ဝင်များနှင့်အတူ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် နိုင်ငံတော်က လုပ်ငန်းရှင်များအား ထုတ်ချေးပေးထားသည့် ချေးငွေများ အပြည့်အဝပေးသွင်းရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက ဌာနအလိုက်၊ ခရိုင်အလိုက် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေ၊ ကိုဗစ်-၁၉ ရန်ပုံငွေ၊ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးစရိတ်ချေးငွေများ ရယူထားရှိမှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ချေးငွေ ပြန်လည်ပေးသွင်းမှုနှင့် လစဉ်အတိုးနှုန်းပုံမှန်ရရှိမှု အခြေအနေများကိုလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးများက နိုင်ငံတော်က လုပ်ငန်းရှင်များအား ထုတ်ချေးပေးထားသည့် ချေးငွေများအပြည့်အဝပေးသွင်းရေးအတွက် လိုအပ်သည်များကို လည်းကောင်း ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



# မန္တလေးတိုင်းဒေသကြီးအတွင်း မြန်မာအီလက်ထရောနစ်မဲပေးစက် ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်လှစ်ပို့ချ



နေပြည်တော် ဇူလိုင် ၁၁

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးသန်းအောင်ကျော်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ရှိ အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်နှင့် အမရပူရမြို့နယ်တို့၌ ဖွင့်လှစ်ပို့ချလျက်ရှိသော မဲပေးစက် ကိုင်တွယ်အသုံးပြုနည်းသင်တန်းများကို လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ မှာကြားသည်။

**တက်ရောက်**

ယမန်နေ့ကလည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်သည် ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် အတူ ရမည်းသင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသင်းရတနာခန်းမ၌ ကျင်းပသည့် မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) များ ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားပြီး သင်တန်းသားများ လက်တွေ့သင်ကြားနေမှုကို ကြည့်ရှုသည်။

ထို့နောက် ပျော်ဘွယ်မြို့နယ်နှင့် ကျောက်ဆည်မြို့နယ်တို့၌ ဖွင့်လှစ်ပို့ချလျက်ရှိသော မဲပေးစက် ကိုင်တွယ်အသုံးပြုနည်း သင်တန်းများသို့ သွားရောက်ပြီး သင်တန်းသားများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ သိရှိလိုသည်များကို ရှင်းလင်းဆွေးနွေးကာ လိုအပ်သည်များ မှာကြားသည်။

မန္တလေး တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၌ မြန်မာအီလက်ထရောနစ် မဲပေးစက် ကိုင်တွယ်အသုံးပြုနည်းသင်တန်းများကို ဇူလိုင် ၁ ရက်မှစ၍ ဖွင့်လှစ်ပို့ချလျက်ရှိရာ ယနေ့အထိ သင်တန်းသား သင်တန်းသူ ၆၈၉၄ ဦးကို စာတွေ့၊ လက်တွေ့ သင်တန်းပို့ချခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ချင်းတွင်းမြစ်ရေတိုးနေမှုကြောင့် ဇူလိုင်လကုန်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီးမှ ငါးမွေးတောင်သူများ သတိပြုရန်လို

ရန်ကုန် ဇူလိုင် ၁၁

မြန်မာပြည်အထက်ပိုင်း ချင်းတွင်းမြစ်ရေတိုးမှုကြောင့် ဇူလိုင်လတတိယပတ်နှင့် လကုန်ပိုင်းတို့တွင် ဧရာဝတီတိုင်းဒေသကြီး၏ ဇလွန်၊ ဟင်္သာတ၊ ညောင်တုန်းနှင့် ပန်းတနော်မြို့နယ်ရှိ ငါးမွေးတောင်သူများ မြစ်ရေကြီးမှုသတိပေးချက်ကို သတိပြုရန် လိုအပ်ကြောင်း သိရသည်။

ရန်ကုန်မြို့ရှိ ငါးမွေးတောင်သူများအနေဖြင့် ထူးကဲဒီရေကိုသာ သတိပြုရန်လိုအပ်ပြီး ချင်းတွင်းမြစ်ရေ တရိပ်ရိပ်တိုးမှုကြောင့် ဧရာဝတီတိုင်းဒေသကြီးရှိ ငါးမွေးတောင်သူများအနေဖြင့် အထက်မှဆင်းလာသော ချင်းတွင်းမြစ်ရေ၊ လပြည့်/လကွယ် ဒီရေနှင့် မိုးရွာသွန်းမှုတို့ဆုံခဲ့ပါက ငါးကန်များရေနစ်မြုပ်မှု ဖြစ်ပေါ်နိုင်ကြောင်း သိရသည်။

"လက်ရှိအခြေအနေမှာ ဧရာဝတီမြစ်ရေဟာ စိုးရိမ်ရေအမှတ်မရှိပေမယ့် ချင်းတွင်းမြစ်တစ်ကြောကတော့ စိုးရိမ်ရေအမှတ်ကို ကပ်နေတဲ့မြို့တွေရှိနေတယ်။ ဇူလိုင်လ ဒုတိယပတ်နဲ့ တတိယပတ်မှာ ဇလွန်နဲ့ဟင်္သာတမှာ ရေစတက်တာများတယ်။ လကုန်ပိုင်းဆိုရင် ညောင်တုန်းမြို့နဲ့ ပန်းတနော်မြို့တွေ သတိထားဖို့လိုပါတယ်။ ဘာလို့လဲဆိုတော့ မိုးလယ်ကာလလည်းဖြစ်ပြီး ချင်းတွင်းမြစ်ရေလည်း တိုးနေလို့ပါ။ ရန်ကုန်မြို့အနေနဲ့ ဧရိယာအတွင်းမှာ ရွာသွန်းတဲ့ မိုးနဲ့ ထူးကဲဒီရေကိုပဲ သတိပြုရမှာပါ"ဟု မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးလှထွန်းက ပြောသည်။

ဧရာဝတီတိုင်းဒေသကြီး၌ ရေချိုငါး/ပုစွန်မွေးမြူရေးကန်အများဆုံးတည်ရှိပြီး ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင်လည်း မွေးမြူထုတ်လုပ်လျက်ရှိရာ မိုးရွာသွန်းမှုများချိန်နှင့် အထက်ချင်းတွင်းနှင့် ဧရာဝတီမြစ်ရေတိုးချိန် တိုက်ဆိုင်ခဲ့ပါက ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးရှိ ငါးကန်များ ရေကြီးနစ်မြုပ်မှု ကြုံရလေ့ရှိသည်။

"မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်အနေနဲ့ ဒီနှစ်ထဲမှာ တစ်ကြိမ်အသိပေးထားတာရှိတယ်။ ရေမြုပ်နိုင်တဲ့ငါးကန်တွေကို သတိပေးထားတာပါ၊ သတိပေးပြီးနောက်ပိုင်း ငါးကန်တွေ ရေမြုပ်တာမရှိသေးပါဘူး။ မနှစ်ကတော့ကန်အချို့ရှိခဲ့တယ်။ ဧရာဝတီတိုင်းဒေသကြီးနဲ့ ပဲခူးတိုင်းဒေသကြီး က ငါးကန်တွေတော့ သတိထားရမယ်ထင်တယ်။ မိုးလေဝသနဲ့ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ချက်အပေါ်မူတည်ပြီး သတင်းထုတ်ပြန်ပေးသွားမှာပါ"ဟု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ အကြီးတန်းဒုတိယဥက္ကဋ္ဌ ဒေါက်တာတိုးနန္ဒာတင်က ပြောသည်။

ဧရာဝတီတိုင်းဒေသကြီးရှိ ငါးမွေးတောင်သူများအနေဖြင့် ယခုလကုန်ပိုင်း၌ အထက်ချင်းတွင်းမှ စီးဆင်းလာသောရေများ ဇလွန်၊ ဟင်္သာတ၊ ညောင်တုန်းနှင့် ပန်းတနော်မြို့နယ်ရှိ ပန်းလှိုင်မြစ်သို့ရောက်ရှိမည်ဖြစ်ရာ ငါးမွေးတောင်သူများ မြစ်ရေကြီးမှုကို သတိပြုရန် အထူးလိုအပ်ပြီး မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနအနေဖြင့် အချိန်အခါမလပ် ရာသီဥတုသတင်းကို ထုတ်ပြန်ပေးလျက်ရှိကြောင်း သိရသည်။

ထိုက်ကြီး



## ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ အကောင်အထည်ဖော်ရေးကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၁၁**

ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ အကောင်အထည်ဖော်ရေးကော်မတီ၏ (၂/၂၀၂၅)ကြိမ်မြောက်အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ်(၂၆) အစည်းအဝေးခန်းမ၌ ကျင်းပရာ ကော်မတီဥက္ကဋ္ဌ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းထွဋ်နှင့် ကော်မတီဝင်များဖြစ်ကြသော သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေစနစ်သည် ဝန်ထမ်းများအတွက် ရေရှည်ဆောင်ရွက်သွားရမည့်ကိစ္စဖြစ်ကြောင်း၊ ရေရှည်တည်တံ့ခိုင်မြဲသော ပင်စင်စနစ် ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေစနစ် အကောင်အထည်ဖော်ရေးကို ကော်မတီအနေဖြင့် ဆက်လက် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သို့ဖြစ်ရာ မိမိတို့အနေဖြင့် ယခုအချိန်ထိ ဆောင်ရွက်ထားရှိမှုများအပေါ်အခြေခံ၍ ဆက်လက်ဆောင်ရွက်ရန်ကိစ္စများ၊ ရင်းနှီးမြှုပ်နှံမှုနှင့်စပ်လျဉ်း၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားသင့်သည့်ကိစ္စများ၊ ရန်ပုံငွေစနစ် ကျင့်သုံးမည့်ပုံစံနှင့် လိုက်လျောညီထွေဖြစ်မည့် ဥပဒေကြမ်းဖြစ်ရေးအတွက် လိုအပ်သည်များ ပြင်ဆင်၊ ဖြည့်စွက်ပြီး ပြန်လည်တင်ပြနိုင်ရေး ဆက်လက်ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်းနှင့် ဆောင်ရွက်သင့်သည့်ကိစ္စရပ်များကို ဆက်လက်ညှိနှိုင်းဆွေးနွေးကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ အကောင်အထည်ဖော်ရေး ကော်မတီအတွင်းရေးမှူး ပင်စင်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေစနစ် ထူထောင်ဆောင်ရွက်ရာတွင် ဥပဒေကြမ်း၌ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာပြင်ဆင်ရေးဆွဲထားမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ အစည်းအဝေးသို့တက်ရောက်လာကြသည့်ကော်မတီဝင်များက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး ကော်မတီဥက္ကဋ္ဌက သုံးသပ်ဆွေးနွေးကာ လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် တောင်ငူမြို့ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် အခြေခံပညာကျောင်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၁၁**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် ယနေ့နံနက်ပိုင်းတွင် တောင်ငူ ပညာရေး ဒီဂရီကောလိပ်သို့ ရောက်ရှိ၍လက်တွေ့တန်းပြဆင်းကြမည့် သင်တန်းသားများအား လမ်းညွှန်ပို့ချနေမှုကို ကြည့်ရှုလေ့လာပြီး သင်တန်းသားများအား မိမိ၏သင်ကြားမှုကို အစဉ်အမြဲတိုးတက်နေစေရေး လေ့လာမြှင့်တင်ကြရန်မှာကြားကာ စာသင်ခန်းများ၌ သင်တန်းသားများ ပညာသင်ယူနေမှုကို ကြည့်ရှုသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တောင်ငူမြို့ရှိအမှတ်(၁)၊ အမှတ်(၂)နှင့် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းများသို့ ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ယူနေမှုများကို လှည့်လည်ကြည့်ရှုကာ ကျောင်းဥပမိရိပ်ကောင်းမွန်ရေး၊ ကျောင်းနေမြဲနှုန်း မြင့်မားရေးအတွက် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် တောင်ငူတက္ကသိုလ်သို့ ရောက်ရှိကာ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ယူနေမှု များကို လှည့်လည်ကြည့်ရှုပြီး ဘဝ ရည်မှန်းချက်ထားရှိကာ မိမိ သင်ယူနေသော ဘာသာရပ်ကို ထူးချွန်ပေါက်မြောက်စွာ တတ်မြောက်အောင် လေ့လာကြရန် မှာကြားသည်။ ဆက်လက်၍ ဒုတိယဝန်ကြီးသည် တက္ကသိုလ် ပင်မဆောင်တွင် ဆရာ ဆရာမများနှင့် တွေ့ဆုံ၍ စိတ်ဓာတ်၊ စည်းကမ်း ကောင်းမွန်သော၊ ပညာတော်သော တပည့်များ မွေးထုတ်ရေးအတွက် မိမိအရည်အသွေးကို အစဉ်မြှင့်တင်ရန် တိုက်တွန်းမှာကြားကာ ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သော စာကြည့်တိုက်ကို တက္ကသိုလ်သုတေသနစင်တာသို့ ပြောင်းရွှေ့ဖွင့်လှစ်ထားရှိမှုကို စစ်ဆေးပြီး ကျောင်းပရိဝုဏ် သန့်ရှင်းသာယာမှုကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## ဥတ္တရသီရိမြို့နယ်၌ ငလျင်ဘေးအန္တရာယ်နှင့် မီးဘေးလုံခြုံရေးဆိုင်ရာ ဇာတ်တိုက်လေ့ကျင့်

**နေပြည်တော် ဇူလိုင် ၁၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ် Nay Pyi Taw International School of Acumen (Main Campus) နှင့် (Preschool Campus) ကျောင်းတို့တွင် ယမန်နေ့က ငလျင်ဘေးအန္တရာယ်နှင့် မီးဘေးလုံခြုံရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဥတ္တရခရိုင်မီးသတ်ဦးစီးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးသက်နောင် ဦးဆောင်၍ တပ်ဖွဲ့ဝင် ၁၈ ဦးတို့က အဆိုပါကျောင်းများရှိ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများအား ငလျင်ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောခြင်း၊ ငလျင်ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုများ၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြမီးငြိမ်းသတ်ခြင်းနှင့် (Evacuation drill) အရေးပေါ်အခြေအနေတွင် လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များကို လက်တွေ့သရုပ်ပြဆောင်ရွက်ခဲ့ပြီး မီးသတ်ဦးစီးဌာနအနေဖြင့် မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ကာကွယ်ရေးဆိုင်ရာနည်းလမ်းများကို သွားရောက်သရုပ်ပြလေ့ကျင့်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဥတ္တရခရိုင်(ပြန်/ဆက်)**





## ကြံခင်းမြို့၌ အခွန်အမှတ်တံဆိပ်ပြေစာများဆိုင်ရာ အသိပညာပေးဗီနိုင်းများ လိုက်လံစစ်ဆေး

**ကြံခင်း ဇူလိုင် ၁၁**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့၌ ပြေစာအခွန်အမှတ်တံဆိပ်ကပ်နှိပ်စေရေးနှင့် “နိုင်ငံကြီးသားပီသစွာ ဤဆိုင်တွင် အခွန်ဆောင်ပါ” အသိပညာပေးကြေညာချက် ဗီနိုင်းကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရေး ဆိုင်၏ဥပစာတွင် ချိတ်ဆွဲထားခြင်း ရှိ၊ မရှိတို့ကို ယနေ့နံနက်ပိုင်းက မြို့နယ်အခွန်အထောက်အကူပြုအဖွဲ့က လိုက်လံစစ်ဆေးကြသည်။

### ကွင်းဆင်းစစ်ဆေး

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည့်သိမ်းကျော်၊ မြို့နယ်ပြည်တွင်းအခွန်များဦးစီးဌာန အခွန်ဦးစီးဌာနမှူး ဦးအောင်လင်းနှင့် ဝန်ထမ်းများ၊ မြို့မစခန်းမှူး ဒုရဲမှူးလှခိုင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးငွေးမြင့်အောင်နှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဒက္ခိဏသီရိမြို့နယ်၌ သဘာဝဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်နိုင်ရေး အသိပညာပေး

**နေပြည်တော် ဇူလိုင် ၁၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏခရိုင်မီးသတ်ဦးစီးဌာန ဦးစီးမှူးဦးဝင်းကျော်ဦးနှင့် ဦးစီးအရာရှိဦးအောင်ရာဇာဖြိုးတို့ကြီးကြပ်၍ မီးသတ်အဖွဲ့ဝင်များဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ တုံ့ပြန်ဆောင်ရွက်နိုင်ရေး အသိပညာပေးဟောပြောပွဲနှင့် သဏ္ဌာန်တူဇာတ်တိုက်လေ့ကျင့်မှုဆောင်ရွက်ခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် OIAC ကိုယ်ပိုင်အထက်တန်းကျောင်း၌ ဆောင်ရွက်သည်။

ဦးစွာ ဒက္ခိဏခရိုင်မီးသတ်ဦးစီးဌာန ဦးစီးမှူးဦးဝင်းကျော်ဦးက ဦးစီးဌာန၏ လုပ်ငန်းတာဝန်နှင့်ရည်မှန်းချက်များ၊ မီးလောင်ကျွမ်းရခြင်း၏ အကြောင်းရင်းများ၊ ကာကွယ်ရမည့် နည်းလမ်းများနှင့် ရေဘေး၊ ငလျင်ဘေးဆိုင်ရာဆောင်ရန်၊ ရှောင်ရန်များ၊ ကယ်ဆယ်ရေးလုပ်ဆောင်ရမည့်နည်းလမ်းများကို ရှင်းလင်းဟောပြောသည်။

ထို့နောက် မီးသတ်တပ်ဖွဲ့ဝင်များ၊ ပရဟိတအသင်းဝင်များက ကယ်ဆယ်ရေးဆိုင်ရာ လုပ်ငန်းများတွင် အသုံးပြုသည့်ပစ္စည်းများဖြင့် ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်မှုများကို လက်တွေ့သဏ္ဌာန်တူသရုပ်ပြသခြင်း၊ မီးသတ်ဆေးဘူးအသုံးပြုခြင်း၊ ဆီမီးလောင်မှု၊ ဂက်စ်မီးလောင်မှု ငြိမ်းသတ်သရုပ်ပြသခြင်းနှင့် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့လာပါက ဘေးကင်းလွတ်မြောက်ရာသို့ ရောက်ရှိနိုင်စေရန် ဇာတ်တိုက်သရုပ်ပြလေ့ကျင့်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အောင်သူရဦး(ပြန်/ဆက်)**



## ကလေးမြို့နယ်၌ ငွေကျပ် ၁ ဒသမ ၃၂ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူ ၂၆ ဒသမ ၄ ကီလို သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၁၁

ကလေးမြို့နယ်၌ ငွေကျပ် ၁ ဒသမ ၃၂ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူ ၂၆ ဒသမ ၄ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၂၈ ရက် ညနေ ၅ နာရီတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ကလေးမြို့နယ် အေးသာယာကျေးရွာအနီးတွင် မန္တလေးမှကလေးသို့ နိုင်လင်းအောင်(ခ)မွေးနီ မောင်းနှင်ပြီး ဇော်မျိုးနိုင်(ခ)သားငယ် လိုက်ပါလာသည့် MDY-14 8I/xxxxI ZONE အမျိုးအစား ၁၂ ဘီးယာဉ်ပေါ်မှ ဘိန်းဖြူ ၂၆ ဒသမ ၄ ကီလို (၎င်းဒေသကာလ တန်ဖိုး ငွေကျပ် ၁ ဒသမ ၃၂ ဘီလီယံ)



အား သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ သိမ်းဆည်းရမိဘိန်းဖြူများကို မန္တလေးတိုင်းဒေသကြီးမှ ကလေးသို့ သယ်ဆောင်ခိုင်းသူမှာ ပြည်ကြီးတံခွန်မြို့နယ်နေ ငြိမ်းချမ်းအောင် ဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကျင်းပ

လှည်းကူး ဇူလိုင် ၁၁

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်တွင် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားကို ယနေ့နံနက်ပိုင်းက အခြေခံပညာအထက်တန်းကျောင်း (အင်းတိုင်)၌ ကျင်းပသည်။

ဦးစွာ လှည်းကူးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးခင်ဇော်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်ကြည်ကြည်တင်က



မုဒိတာစကား ပြောကြားခြင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးနွဲ့က စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု ပြုလုပ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန် မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားတွင် လူငယ်စကားဝိုင်းများ၊ လူငယ်ရေးရာဟောပြောပွဲများ၊ အသိပညာပေးနံရံကပ်စာစောင်ပြပွဲများ၊ စာအုပ်ပြပွဲများ၊ စာစီစာကုံးပြိုင်ပွဲ၊ ကဗျာရေးစပ်နည်းပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲနှင့် စကားပုံဆက် ပြိုင်ပွဲများ ထည့်သွင်းကျင်းပခဲ့ရာ ကျောင်းသားကျောင်းသူများ စိတ်ပါဝင်စားစွာ ပါဝင်ခဲ့ကြပြီး ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသောကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၂-၇-၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၆၀ | ၃၀၇၀ | ၃၀၄၀ | ၂၉၇၀ | ၃၀၈၀ | ၃၀၉၅ | ၃၁၁၀ | ၃၀၃၀ | ၄၅၀၅ | ၃၃၂၀ | ၃၀၄၅ | ၃၀၅၀ | ၃၁၁၅ | ၃၀၈၀ | ၃၁၀၅ | ၃၃၆၀ |
| 95 Ron | ၃၀၁၀ | ၃၁၂၅ | ၃၀၉၀ | ၃၀၂၅ | ၃၁၃၀ | ၃၁၄၅ | ၃၁၆၅ | ၃၀၈၅ | ၄၅၆၀ | ၃၃၇၅ | ၃၁၀၀ | ၃၁၀၀ | ၃၁၇၀ | ၃၁၃၅ | ၃၁၆၀ | ၃၄၁၅ |
| HSD (500 ppm) | ၂၆၃၅ | ၂၇၅၀ | ၂၇၁၅ | ၂၆၅၀ | ၂၇၅၅ | ၂၇၇၀ | ၂၇၈၅ | ၂၇၀၅ | - | ၃၀၀၀ | ၂၇၂၀ | ၂၇၂၅ | ၂၇၉၅ | ၂၇၆၀ | ၂၇၈၀ | ၃၀၃၅ |
| HSD (50 ppm) | ၃၂၆၅ | ၃၃၈၀ | ၃၃၄၅ | ၃၂၈၀ | ၃၃၈၅ | ၃၄၀၀ | ၃၄၂၀ | ၃၃၄၀ | ၄၈၃၀ | ၃၆၃၀ | ၃၃၅၅ | ၃၃၅၅ | ၃၄၂၅ | ၃၃၉၀ | ၃၄၁၅ | ၃၆၇၀ |
| HSD (10 ppm) | ၃၂၆၅ | ၃၃၈၀ | ၃၃၄၅ | ၃၂၈၀ | ၃၃၈၅ | ၃၄၀၀ | ၃၄၂၀ | ၃၃၄၀ | - | ၃၆၃၀ | ၃၃၅၅ | ၃၃၅၅ | ၃၄၂၅ | ၃၃၉၀ | ၃၄၁၅ | ၃၆၇၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၉၀ | ၂၈၇၉ |
| 95 Ron | ၂၈၄၂ | ၂၉၃၃ |
| HSD (500 ppm) | ၂၄၇၆ | ၂၅၅၅ |
| HSD (50 ppm) | ၃၀၉၀ | ၃၁၈၁ |
| HSD (10 ppm) | ၃၀၉၀ | ၃၁၈၁ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ဘိုကလေးမြို့နယ်၌ မိကျောင်းဆွဲခံရ၍ သေဆုံးသူနှစ်ဦးအတွက် ထောက်ပံ့မှုများဆောင်ရွက်

ဘိုကလေး ဇူလိုင် ၁၁

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ချောင်းဖြဲကြီးကျေးရွာအုပ်စု လေ့လုံးကွဲချောင်းအတွင်း၌ ဇူလိုင် ၂ ရက်တွင် အသက် ၃၂ နှစ်အရွယ်ရှိ အမျိုးသားတစ်ဦးနှင့် ဇူလိုင် ၃ ရက်တွင် ၁၆ နှစ်အရွယ်ရှိ လူငယ်အမျိုးသားတစ်ဦးတို့ မိကျောင်းဆွဲခံရသဖြင့် သေဆုံးမှုအတွက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ထောက်ပံ့မှုကို ဇူလိုင် ၁၀ ရက် ညနေ ၃ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ပြုလုပ်သည်။

ထောက်ပံ့ဆောင်ရွက်ရာတွင် မြို့နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန တာဝန်ရှိသူများက မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းလှိုင်၊ ချောင်းဖြဲကြီးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတို့နှင့်အတူ သေဆုံးသူများ၏ မိသားစုဝင်များ လက်ဝယ်အရောက် သေဆုံးသူ တစ်ဦးလျှင် သုံးသိန်းကျပ်နှုန်းဖြင့် နှစ်ဦးစာအတွက် ငွေကျပ် စုစုပေါင်း ခြောက်သိန်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**



## ကျိုက်လတ်မြို့နယ်၌ သာယာဝဲ-အရှေ့ဆင်ကူးမှ ပဆင‌သို့ ဆက်သွယ်သောလမ်း မြေသားတာပေါင်ချဲ့ခြင်းလုပ်ငန်းအား တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေး

ကျိုက်လတ် ဇူလိုင် ၁၁

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်သည့် သာယာဝဲ-အရှေ့ဆင်ကူးမှပဆင‌သို့ ဆက်သွယ်သောလမ်းမြေသားတာပေါင်ချဲ့ခြင်းနှင့် တစ်ဖက်လျှင် နှစ်ပေစီကျောက်ချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ယမန်နေ့နံနက်ပိုင်းက တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ဖျာပုံခရိုင်)မှ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ဦးမိုးမြင့်နှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုများကို ကွင်းဆင်းစစ်ဆေးကြသည်။ အဆိုပါ လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး(ငွေလုံးငွေရင်း)ရန်ပုံငွေဖြင့် မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူတည်ဆောက်ခြင်းဖြစ်သည်။

အဆိုပါလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ကျေးရွာ ၅၁ ရွာ၊ အိမ်ခြေ ၅၅၄၉ အိမ်၊ လူဦးရေ ၂၂၇၁၇ ဦးတို့အတွက် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန် အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

**လှိုင်မင်းအောင်**



ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး မူလတန်းကြိုကျောင်းများ ထူထောင်ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်ခွင့်ရရှိရေး ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဇူလိုင် ၁၁**

နေပြည်တော် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းကြီးကြပ်ရေးကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးက နေပြည်တော်အတွင်း၌ လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်း ရှစ်ကျောင်း၊ ပုဂ္ဂလိက မူလတန်းကြိုကျောင်း ၁၀၁ ကျောင်း၊ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ၆၀ နှင့် မိခင်ဝိုင်း ၂၇ ဝိုင်းဖြင့် ကလေးများ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုရရှိအောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အနာဂတ်၏ ကြယ်ပွင့်လေးများဖြစ်သည့် သားငယ်၊ သမီးငယ်လေးများကို နိုင်ငံတော်အတွက် အရည်အသွေးရှိသော ကြယ်ပွင့်လေးများဖြစ်အောင် ဝိုင်းဝန်းပါဝင်ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ယင်းနောက် နေပြည်တော်ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာဆွေက လုပ်ငန်းဆောင်ရွက်ချက်များနှင့် အစီအမံများကို Power Point ဖြင့်ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် ကော်မတီဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးက လိုအပ်သည်များဖြည့်စွက်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ပျဉ်းမနားမြို့နယ်အတွင်းရှိ "စံ"မူကြို၊ "သဇင်ဝေ" မူကြို၊ "Happy World" မူကြို စသည့် မူလတန်းကြိုကျောင်းများ တည်ထောင်ခွင့်ပြုမိန့် ဒုတိယအကြိမ် သက်တမ်းတိုးမြှင့်ခွင့်ရရှိနိုင်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။



**အောင်သူရဦး(ပြန်/ဆက်)**

## ဟုမ္မလင်းမြို့ အထက (ကက်သာ)၌ လူငယ်စကားဝိုင်းကျင်းပ

**ဟုမ္မလင်း ဇူလိုင် ၁၁**

ဟုမ္မလင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရိုန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကို ယနေ့နံနက်ပိုင်းတွင် ဟုမ္မလင်းမြို့နယ် ကက်သာစံပြကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း သရဖီဆောင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ကက်သာစံပြကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးသန်းနိုင်ဦးက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆောက်က စာဖတ်ရိုန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းဆွေးနွေးကာ ကျောင်းစာကြည့်တိုက်အတွက် သုတ၊ ရသ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းသည်။



**ဆွေးနွေးပြောကြား**

ထို့နောက် လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပရာ ဦးဆောင်ဆွေးနွေးသူအဖြစ် ဒေါ်နန်းမဋ္ဌူအေးက ဆောင်ရွက်၍ အထက (ကက်သာ)မှ မောင်ခန့်စည်သူ (G-10) က လူငယ်နှင့် ရှက်စိတ်၊ မသန်းရတနာစု(G-11)က လူကြီးတွေက စပြင်ပါ၊ မအိသန္တာအောင် (G-10)က လူငယ်များ၏ ရွှေရောင်မနက်ဖြန်၊ မဆုကဗျာ (G-11)က လူတွေရဲ့ချစ်ခင်မှုကို ရအောင် စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေး ပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု

❖ ၂၀၂၅ မှ

ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဇုန်လေးဇုန်ခွဲ၍ ကျင်းပရာ သက်ဆိုင်ရာဇုန်များအလိုက် အားကစားကွင်းအသီးသီးတွင် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ ပြိုင်ပွဲကျင်းပရေးဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် အားကစားဝါသနာရှင် ပရိသတ်အင်အား ၉၀၀၀ ကျော် တစ်ခဲနက် လာရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့ဘောလုံးပြိုင်ပွဲ ပွဲစဉ်များအဖြစ် ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်အားကစားကွင်းတွင် ကရင်ပြည်နယ်အသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကရင်ပြည်နယ်အသင်းက မွန်ပြည်နယ်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ကချင်ပြည်နယ်အသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အားကစားဥယျာဉ်ကွင်း၌ ပဲခူးတိုင်းဒေသကြီးအသင်းနှင့် ချင်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နှစ်ဖက်စလုံး ဂိုးမရှိသရေရလဒ်ဖြင့် လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်း အားကစားကွင်း၌ ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဧရာဝတီတိုင်းဒေသကြီးက ရခိုင်ပြည်နယ်အသင်းကို ကိုးဂိုး- ဂိုးမရှိဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိကြသည်။

အဆိုပါ ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်(၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို ဇူလိုင် ၁၁ ရက်မှ ၁၈ ရက်အထိ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဇုန်လေးဇုန်ခွဲ၍ ကျင်းပသွားမည်ဖြစ်ပြီး ရှုံးထွက်ပွဲစဉ်များမှစတင်၍ ဗိုလ်လုပွဲ ပွဲစဉ်များအထိ ရန်ကုန်မြို့ရှိ အားကစားကွင်းများတွင် ကျင်းပသွားမည်ဖြစ်သည်။ ဇူလိုင် ၁၂ ရက်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် မွန်းလွဲ ၃ နာရီတွင် ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်အားကစားကွင်း၌ စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့အားကစားဥယျာဉ်ကွင်း၌ ကယားပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်း၌ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## (၁၁-၇-၂၀၂၅) ရက်စွဲပါ ဦးအိုက်လင်း၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာခဲ့သော ကြေးမုံသတင်းစာကြေညာချက်အပေါ် ဦးအိုက်လင်းနှင့် အများသိစေရန် ပြန်လည်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၄)၊ လူနေရပ်ကွက်အမှတ်(သမိုင်း)၊ မြေကွက်အမှတ်(၁၁/က)၊ နှစ်(၆၀) ဂရန်မြေကွက်၊ ဧရိယာ(၀.၆၃၇)ဧက မြေကွက်မှာ ဦးဝင်းအောင် [၅/ကဘလ(နိုင်)၀၉၁၂၀၀] ၏ အမည်ဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့/မြေစီမံခန့်ခွဲမှုဌာန၌ အမည်ပေါက် မှတ်သားထားရှိပြီး ကန့်ကွက်ချက်/တားမြစ်ချက် တစ်စုံတစ်ရာမရှိသည့် မြေကွက်ဖြစ်ပါသည်။

အဆိုပါ ဂရန်မြေကွက်သည် ဦးဝင်းအောင် အမည်ပေါက် မှတ်သားထားရှိပြီးသည့်အပြင် ပိုင်ဆိုင်မှုစာရွက်စာတမ်း (မူရင်း)များ၊ မြေလက်ဝယ်ပိုင်ဆိုင်မှုများသည် မည်သူတစ်ဦးတစ်ယောက်၏ လက်ဝယ်တွင်မျှမရှိဘဲ ဦးဝင်းအောင် လက်ဝယ်၌ ယနေ့တိုင်အောင်ရှိနေသည့် မြေကွက်ဖြစ်ပြီး ၎င်းကိုယ်တိုင် စီမံခန့်ခွဲရောင်းချခွင့် အပြည့်ရှိသည့် မြေကွက်ဖြစ်ပါသည်။

အဆိုပါ မြေကွက်များအပေါ် ဦးဝင်းအောင်အား ယခင်ရောင်းချခဲ့သည့် ဦးကိုကိုအောင်ဌေးနှင့် ဆက်စပ်မှုရှိခဲ့သော ပုဂ္ဂိုလ်များ၏ ဝင်ရောက်နှောင့်ယှက် ဆောင်ရွက်မှုများကြောင့် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၌ {ဂရန်မြေ(၂)ကွက်ကို ပိုင်ဆိုင်ကြောင်းမြွက်ဟပေးစေလိုမှု} ကို တရားမကြီးမှုအမှတ် (၄၈/၂၀၂၄) ဖြင့် စွဲဆိုခဲ့ပြီး တရားရုံးတော်၌ စစ်ဆေးစီရင်နေဆဲကာလဖြစ်ပါသည်။ အဆိုပါ ဂရန်မြေကွက်နှင့် စပ်လျဉ်းသည့် စီမံခန့်ခွဲပိုင်ခွင့်/ မြေပုံရေးကူးခွင့်၊ အရောင်းအဝယ် ပြုလုပ်ပိုင်ခွင့်အစရှိသည်များမှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၌ ယနေ့အထိ မည်သူတစ်ဦးတစ်ယောက်၏ ကန့်ကွက်ချက်မျှမရှိသည့် မြေကွက်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဦးအိုက်လင်းနှင့် ဦးဝင်းအောင်တို့ကြား ဆက်နွယ်ပတ်သက်မှု တစ်စုံတစ်ရာမရှိကြောင်း သိသာထင်ရှားနေပြီး (၁၁-၇-၂၀၂၅)ရက်စွဲပါ သတင်းစာကြေညာပါသည့် အမှုများမှာ မြေကွက်၏ လက်ရှိအရောင်းအဝယ်ဖြစ်စဉ်နှင့် သက်ဆိုင်ခြင်းမရှိဘဲ ဦးဝင်းအောင်၏ ဂုဏ်သိက္ခာကို ထိပါးနှောင့်ယှက်သည့် သဘောမျိုးသက်ရောက်စေသည့်အတွက် ဤမှနောင်တွင် ယခုကဲ့သို့ ထည့်သွင်းခြင်းမပြုပါရန် ဦးအိုက်လင်းနှင့် အများသိစေရန်ကြေညာအပ်ပါသည်။ ဦးဝင်းအောင်၏ ဂုဏ်သိက္ခာ ထိပါးစေမည့် သတင်းစာ ကြေညာချက်များ ထပ်မံထည့်သွင်းလာပါက ပြုလုပ်သူ၏ တာဝန်သာဖြစ်ပါကြောင်းနှင့် တည်ဆဲဥပဒေများအရ ဆက်လက် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝင်းအောင်၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဥမ္မာမြင့်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၂၆၉/၂၀၁၃)**
**အဆောင်(၁၅)၊ (၄)လွှာ၊ MICT Park လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၀၈၅၃၁၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

**ရန်ကုန်တိုင်း၊လှိုင်သာယာမြို့နယ်၊မြေတိုင်းရပ်ကွက်(သကမ-၄)၊မြေကွက်အမှတ်(၃၃၁/ခ)၊ ဆင်ဖြူရှင်လမ်း၊အကျယ်အဝန်း(၂၀ပေ×၆၀ပေ)ရှိ နှစ်၆၀ ဂရန်မြေကွက်နှင့်အကျိုးခံစားခွင့်များအားအမည်ပေါက်ပိုင်ဆိုင်ပြီးလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုသူ ဒေါ်စီစီထွန်း(၁၂/ဗဟန(နိုင်)၀၆၃၄၈၄)ထံမှကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ကန့်ကွက်လိုသူများရှိပါကအထောက်အထား(မူရင်း)များဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မည့်သူမရှိပါကအရောင်းအဝယ်ကိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။**

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်နိုင်ဇင်ဦး** LL.B, D.B.L, D.I.P.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၉၉၃၆)
အမှတ် (၁၀၅၁)၊ပြဟ္မစိုရ်လမ်း၊ ၅-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း- ၀၉ ၄၂၀၀၇၀၇၂၉၊




ချန်ပီယံ ရှမ်းတောင်အသင်း အောင်ပွဲခံနေစဉ်။

# FIFA-MFF ယူ-၁၅ လိဂ်ပြိုင်ပွဲတွင် ရှမ်းတောင်အသင်း ဗိုလ်စွဲ

ရန်ကုန် ဇူလိုင် ၁၁

FIFA-MFF ယူ-၁၅ လိဂ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် တတိယနေရာလုပွဲကို ဇူလိုင် ၁၀ ရက်က ရှမ်းပြည်နယ် တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ကျင်းပရာ ရှမ်းတောင်အသင်း ဗိုလ်စွဲခဲ့သည်။

တတိယနေရာလုပွဲတွင် Mar Rein အသင်းက STNM အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ Mar Rein အသင်းအတွက် အနိုင်ဂိုးများကို ၁၀ မိနစ်တွင် မင်းခန့်အောင်၊ ၇၃ မိနစ်တွင် ပိုင်ဇေထွန်းတို့က သွင်းယူသည်။ ဗိုလ်လုပွဲတွင် ရှမ်းတောင်အသင်းက ရှိုင်ရယ်ရန်ကုန်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။ ပထမပိုင်းတွင် ဂိုးမရှိသရေကျနေပြီး ဒုတိယပိုင်း သွင်းဂိုးများဖြင့် ရှမ်းတောင်အသင်း အနိုင်ရခဲ့ခြင်းဖြစ်သည်။ ရှမ်းတောင်အသင်းအတွက် ဂိုးများကို ၅၅ မိနစ်တွင် ထွန်းကျော်နှင့် ၈၇ မိနစ်တွင် ထက်ဝေယံခန့်တို့က သွင်းယူပြီး ရှိုင်ရယ်ရန်ကုန်အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၆၃ မိနစ်တွင် ရဲနိုင်အောင်က သွင်းယူသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ ပထမဆုရ ရှမ်းတောင်အသင်းက တစ်ဦးချင်းဆုတံဆိပ်၊ ဆုကြေးငွေနှင့် ချန်ပီယံဆုဖလား၊ ဒုတိယဆုရ ရှိုင်ရယ်ရန်ကုန်အသင်းက တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေ၊ တတိယဆုရ Mar Rein အသင်းက တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေတို့ ရရှိပြီး ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးကစားသမားဆုကို ရှမ်းတောင်အသင်းမှ ထက်ဝေယံခန့်က ရရှိသည်။ သွင်းဂိုးအများဆုံးဆုကိုမူ ဇုန်အလိုက် ချီးမြှင့်ပြီး ရန်ကုန်ဇုန်တွင် ဇော်ဇော်အောင် (Yangon Focus)၊ မန္တလေးဇုန်တွင် ဟန်ထူးလွင် (STNM)၊ တောင်ကြီးဇုန်တွင် ထက်ဝေယံခန့် (ရှမ်းတောင်)နှင့် ကောင်းခန့် (ရှမ်းအရှေ့)တို့ ရရှိသည်။

သတင်း-ချစ်ကိုကို
ဓာတ်ပုံ-MFF

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၅၂)၊ လမ်းအမည်မရှိသေး၊ မြေကွက်အမှတ်(၁၁၉၉)၊ ဦးခင်အောင်(ခ)ဦးခင်မောင်ကျော် (H/RGN. 000510) စာအမှတ်(၁၀၀၂) အမည်ပေါက် ပါမစ်မူရင်း၊ (၄၀x၆၀)ပေမှ ခွဲခြမ်းစိတ်ဖြာထားခြင်း မရှိသေးသော (၂၀x၆၀)ပေရှိ ခေါင်းရင်းခြမ်း ပါမစ်မူရင်း မြေကွက်မှ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ၎င်းသာလျှင် လက်ဝယ်၊ လက်ရှိပိုင်ဆိုင် အကျိုးခံစားလျက်ရှိကြောင်းနှင့် အရှုပ်အရှင်းကင်းကြောင်း ဝန်ခံကတိပြု၍ အရောင်းအဝယ်အဆက်စပ်စာချုပ်မူရင်းနှင့် အပြီးအပိုင်ရောင်းချသူ ဒေါ်ယဉ်ယဉ်ထွေး [၁၂/သဃက(နိုင်)၁၆၆၂၄၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သီတာဝင်း[၁၂/သကတ(နိုင်)၁၃၁၁၅၉]မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသအားပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွလူကိုယ်တိုင်(၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပြီး လာရောက်ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သီတာဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇာခြည်သက် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်- ၄၈၁၇၈)**
**ဖုန်း- ၀၉-၄၄၀၉၈၆၁၄၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊(၂)ရပ်ကွက်၊ ရှုပါရုံလမ်း၊ အမှတ်(၁၉)၊ ဒုတိယထပ်၊ (ခေါင်းရင်းခန်း)၊ (၁၄ ပေ x၅၇ ပေ) အကျယ်ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဦးအောင်ပိုင်ဝင်း [၁၃/ကလန(နိုင်)၀၆၉၇၄၇] ကိုင်ဆောင်သူမှ ရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အောင်မြင့်ရီ [၁၄/လပတ(နိုင်)၁၇၇၂၀၃] က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ(၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက်သည် အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြော်ငြာအပ်ပါသည်။

**ဒေါ်အောင်မြင့်ရီ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စောနှင်းအေး**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၅၁၂)(၂၇-၆-၂၀၁၉)**
**အမှတ်(၂၄/ခ)၊ ဗိုလ်မင်းရောင်လမ်း၊ (၈)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ဖုန်း- ၀၉-၇၇၉၆၉၂၇၀၄၊ ၀၉-၄၄၃၀၉၁၈၄၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အေးရိပ်မွန် ၃၊ ဗိုလ်ချုပ်ကျေးရွာ၊ ဗိုလ်ချုပ်ရွာမကွင်း၊ ကွင်းအမှတ် ၆၇၆/A၊ဦးပိုင်အမှတ်-၃၅/၄၊ ဧရိယာ ၁.၅၀ ဧကအနက် ပေ ၄၀ x၆၀ရှိ ဦးကျော်ဆန်းဝင်း အမည်ပေါက် ဥယျာဉ်ခြံမြေအမျိုးအစား မြေကွက်အမှတ် ၇၂၊ မြေကွက်လွတ်၏အကျိုးခံစားခွင့် အရပ်ရပ်အား တရားဝင်လက်ဝယ် ထားရှိကာ လွှဲပြောင်းရောင်းချခွင့်ရှိ သည်ဟုဝန်ခံသူ ဒေါ်လေးတင်(ခ)တင်တင်လှ [၁၂/ခရန(နိုင်)၀၈၆၇၂၂] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မေဥမ္မာထွန်း [၁၂/ရကန(နိုင်)၀၅၀၆၇၂] က အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤ မြေကွက်အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေးပိုင်ခွင့်၊ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို တိကျခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများ၊ သက်သေအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အရောင်းအဝယ်ပြုလုပ်သည့် မြေကွက်အား လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်မေဥမ္မာထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နွေးနွေးအိ**
**အထက်တန်းရှေ့နေ(စဉ်-၄၇၅၂၅)**
**အမှတ် ထ/၁၀၅၊ဘုရင့်နောင်လမ်းမ၊ အောင်ချမ်းသာ ၃ ရပ်ကွက်၊**
**သန်လျင်မြို့နယ်။ ဖုန်း-၀၉- ၂၆၀၄၀၂၀၀၃**

# စပါးအသင်းက ဝက်စ်ဟမ်းကွင်းလယ်ကစားသမား ကူဒက်အား ပေါင် ၅၅ သန်းဖြင့် ခေါ်ယူ

စပါးအသင်းဟာ ဝက်စ်ဟမ်းအသင်းမှ ဂါနာကွင်းလယ်ကစားသမား မိုဟာမက်ကူဒက်အား ပြောင်းရွှေ့ကြေးပေါင် ၅၅ သန်းနဲ့ စာချုပ်ချုပ်ဆိုခေါ်ယူလိုက်ပြီဖြစ်ပါတယ်။

ကွင်းလယ်ကစားသမား မိုဟာမက်ကူဒက်ဟာ စပါးအသင်းသို့ ၂၀၃၁ ခုနှစ်အထိ ဆက်ရှိနေမယ့် ခြောက်နှစ်သက်တမ်းရှိစာချုပ်တစ်ရပ်ချုပ်ဆိုကာ ပြောင်းရွှေ့ခဲ့တာဖြစ်ပါတယ်။

ကူဒက်ဟာ ဝက်စ်ဟမ်းအသင်းနဲ့အတူ ပရီမီယာလိဂ်ပွဲစဉ်စုစုပေါင်း ၆၅ ပွဲပါဝင်ကစားပေးခဲ့ရာမှာ သွင်းဂိုး ၁၃ ဂိုးနဲ့ ဂိုးဖန်တီးမှုကိုးကြိမ်ပြုလုပ်ပေးနိုင်ခဲ့တာဖြစ်ပါတယ်။

ကူဒက်ဟာ ၂၀၂၃ ခုနှစ်က အေဂျက်အသင်းကနေ ပြောင်းရွှေ့ကြေးပေါင် ၃၈ သန်းနဲ့ ဝက်စ်ဟမ်းအသင်းသို့ ရောက်ရှိလာခဲ့တာဖြစ်ပါတယ်။

ငွေကြယ်




## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

**ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၇၊ လူနေရပ်ကွက်အမှတ်-ဂေါက်ကွင်းအိမ်ရာ (ကံ့ကော်ရိပ်သာ ၃)၊ မြေကွက်အမှတ်-၆၆၊ အကျယ်အဝန်း (၁၃၁၂၀.၇၄) စတုရန်းပေ၊ ဧရိယာ (၀.၃၀၁) ဧကရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည်** ရန်ကုန်မြို့၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဇေကမ္ဘာကုမ္ပဏီလီမိတက်မှ ဦးခင်ရွှေ [၁၂/ဗဟန(နိုင်)၀၅၅၃၇၃] အမည်ပေါက် ပိုင်ဆိုင်လျက်ရှိသော ပါမစ်မြေကွက်ဖြစ်ပါသည်။ အမည်ပေါက်ပိုင်ရှင်မှ မိမိသာလျှင် လက်ဝယ်ရှိပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းစွာဖြင့် ရောင်းချခွင့်ရှိသည့် အထက်ဖော်ပြပါမြေကွက်အား ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေအနက် တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်သည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သင်းသင်းမော်**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၈၈၂၆)**
**အမှတ် (၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁) ရပ်ကွက်၊**
**ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၅၀၀၃၁၂၉၂**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၀-၇-၂၀၂၅ရက်ကြေးမုံသတင်းစာ ကြော်ငြာစာမျက်နှာ(၂၇) တရားလွှတ်တော်ရှေ့နေ ဒေါ်မဥ္ဇူအေးသိန်း၏ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာတွင် ဝယ်ယူသူ ဦးသစ်လွင်ဦး၏ မှတ်ပုံတင်အမှတ်အား [၁/မကန(နိုင်)၀၀၄၅၆၈]ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ညောင်ပင်ကြီးစုကွက်သစ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆/ညောင်ပင်ကြီးစုရပ်၊ မြေဧရိယာ (၀.၀၈၂ ဧက)ရှိ မြေကွက်အမှတ် (ပ-၂၄၂ )ကို အမည်ပေါက် ဦးသန်းဇော်လှိုင် (ဘ) ဦးကြိုင် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၉/ပမန(နိုင်) ၁၆၁၇၆၃] မှ ဦးအောင်ဘိုဘို (ဘ) ဦးရဲစိန် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၁၀/ကမရ(နိုင်)၀၈၀၂၈၈]နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## လယ်မြေအရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါသည်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ ခမွန်ကံကြီးကျေးရွာ၊ ကွင်းအကွက်အမှတ်အမည်-သက္ကလအနောက် ၁၀၃၈အတွင်းရှိ ဦးပိုင်/မြေကွက်အမှတ်-၄၆က/၁၊ ဧရိယာ(၂၀.၈၁)ဧကရှိ ဦးမြင့်ဆွေ [၇/ကဝန(နိုင်)၀၇၀၄၉၃] အမည်ပေါက် ပုံစံ(၇)ကျရှိပြီး လယ်မြေ၊ ဦးပိုင်/မြေကွက်အမှတ်-၄၆ခ/၃၊ ဧရိယာ(၁၀.၀၂)ဧကရှိ ဒေါ်ရင်ရွှေ [၇/ကဝန(နိုင်)၀၅၀၆၉၆] အမည်ပေါက် ပုံစံ(၇)ကျရှိပြီးလယ်မြေ၊ ဦးပိုင်/မြေကွက်အမှတ်-၄၆ခ/၄၊ ဧရိယာ(၉.၇၄)ဧကရှိ ဦးစိုးမိုး [၇/ကဝန(နိုင်)၁၁၁၂၂၀] အမည်ပေါက် ပုံစံ(၇)ကျရှိပြီး လယ်မြေ နှင့် ဦးပိုင်/မြေကွက်အမှတ်-၄၆က/၂၊ ဧရိယာ(၅.၆၀)ဧက၊ ဦးပိုင်/မြေကွက်အမှတ်-၄၆ခ/၅၊ ဧရိယာ(၃.၃၈)ဧက၊ ဦးပိုင်/မြေကွက်အမှတ်- ၄၁/၂၊ ဧရိယာ(၁.၂၅)ဧကရှိ ဒေါ်မွေးမွေး [၇/ကဝန(နိုင်)၁၃၉၈၅၉] အမည်ပေါက် လယ်မြေ (၃)ကွက် ပုံစံ(၇)ကျရှိပြီး လယ်မြေများကို ၎င်းတို့မိသားစုဝင်(၄)ဦးမှ အသီးသီး ပိုင်ဆိုင်ကြကြောင်း၊ အမွေဆိုင်အရှုပ်အရှင်းကင်းရှင်းကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုကြ၍ ကာလတန်ဖိုးဖြင့် ရောင်းချရန် စကားကမ်းလှမ်းလာကြသဖြင့် ကျွန်ုပ်မိတ်ဆွေ ဦးစန်းမြင့်အောင် [၁၂/မဂတ(ပြု)၀၀၀၂၂၁]မှ ဝယ်ယူရန် စရန်ငွေတချို့တစ်ဝက် ပေးချေထားပြီးဖြစ်၍ ယင်းလယ်မြေများနှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထား အပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများပြည်သူသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးလှမြင့်(L.L.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၂၂၂)**
**ရုံးအမှတ် (၁၆၁/A3)၊ မြေညီထပ်၊ ကျိုက္ကဆံလမ်း၊ နတ်မောက်ရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်မြို့။ PH-095165065**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၄/အီး)၊ မြေကွက်အမှတ်- (၁. ဘီ/၃. ၁၊ ၁. ဘီ/၄. ၁၊ ၁. ဘီ/၃. ၆)၊ မင်းရဲကျော်စွာလမ်းတွင် တည်ရှိသော Hill Top Vista Condominium ၏ Tower A၊ Level-10၊ အခန်းနံပါတ်(A-1005)၊ ဧရိယာ (၁၈၈၁)စတုရန်းပေရှိသော ကွန်ဒိုတိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင်ပါရှိသော ပရိဘောဂများပိုင်ဆိုင်ခွင့်သုံးစွဲခွင့်၊ ရေ၊ လျှပ်စစ်မီးမီတာနှင့် လျှပ်စစ်ပစ္စည်းများ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ပိုင်ဆိုင်ပြီးလွှဲပြောင်းရောင်းချခွင့် အပြည့်အဝရှိသည်ဟု ဝန်ခံကတိပြုသူများဖြစ်သော ဦးနိုင်ဝင်း [၁၂/ကမရ(နိုင်)၀၅၆၂၅၇]နှင့် ဒေါ်မေမိုးဖြူ [၁၂/ကမရ(နိုင်)၀၂၇၆၇၁] တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ မှ အပြီးအပိုင်ဝယ်ယူရန် သဘောတူညီ၍ အထက်ဖော်ပြပါ ကွန်ဒိုတိုက်ခန်းတန်ဖိုးငွေများအနက်မှ တစ်စိတ်တစ်ဒေသငွေကို စရန်ငွေအဖြစ် ပေးအပ်ပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောပိုင်ဆိုင်မှု စာရွက်စာတမ်း၊ စာချုပ်စာတမ်း(မူရင်း)များ ယူဆောင်၍ ဤသတင်းစာ ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီပြီးဆုံးအောင်မြင်သည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကြူကြူမာ LL.B, D.B.L**
**တရားလွှတ်တော်ရှေ့နေ စဉ်-၁၃၉၇၃ (၂၉-၁၂-၂၀၁၇)**
**အမှတ်(၂၄၈)၊ မင်္ဂလာလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၂၅၀၁၆၁၈၉၈၊ ၀၉-၄၃၁၁၇၇၃၃**

**"ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့နယ်၊ ခေမာသီရိရပ်ကွက်၊ ခေမာသီရိလမ်း(လမ်းသွယ်-၉)၊ ကွင်းအမှတ်-၁၇/၄၊ ဦးပိုင်အမှတ်(၃၉)၊ ဂရမ်မူရင်း အကျယ်အဝန်း (၄၀၅၁)စတုရန်းပေ မြေကွက်၊ ဆိုင်ခန်းလေးခန်းတွဲအပါအဝင်နှင့် ပတ်သက်ပြီး အများသိစေရန် အသိပေးအကြောင်းကြားခြင်း"**

အထက်ဖော်ပြပါ မြေနှင့်ဆိုင်ခန်း(၄)ခန်းသည် ဒေါ်လီလီ(၁/မကန (နိုင်) ၀၈၀၁၇၀)နှင့် သမီးမဇင်ဇင် (၁/မကန (နိုင်) ၀၈၄၂၃၈)တို့မှ ဂရမ်အမည်ပေါက် ပိုင်ဆိုင်ထားပြီး ၎င်းတို့ထံ ဂရမ်မူရင်းလက်ဝယ် တည်ရှိနေပြီး မည်သူတစ်ဦးတစ်ယောက်ကမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း မပြုလုပ်ရန် အများသိစေရန် အသိပေးအကြောင်းကြားအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်တင်တင်ဌေး
(LL.B,Dip in Business Law)
တရားလွှတ်တော်ရှေ့နေ (စဉ်-၅၂၀၅)
ဖုန်း-၀၉၇၉၁၆၆၃၄၆၆, ၀၉-၇၇၀၉၁၂၃၄၁

---

## "ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- အောင်ချမ်းသာတိုးချဲ့ (၁)၊ အမှတ်(၁၁)၊ မြေကွက်အကျယ်အဝန်း ဧရိယာ (၀.၁၃၁)ဧက၊ (အလျား ၈၃'၃"/၈၂' ၈၉"x အနံ ၆၈'၇"/၆၉')၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဌာနမှ မြေငှားအမှုတွဲအမှတ်-သလ(စီမံကိန်း)/ အောင်ချမ်းသာတိုးချဲ့(၁-ခ)/ ၄၆၂/ ၂၀၁၆ အရ ဦးသက်ဦးအမည်ပေါက် ဂရန်မြေအမျိုးအစား မြေကွက်နှင့်တကွ ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသည့် နှစ်ထပ်တိုက် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဂရန်မူရင်း၊ အဆက်အစပ်စာချုပ်မူရင်းနှင့်တကွ နောက်ဆုံးလက်ဝယ်ပိုင်ဆိုင်သူ ဒေါ်စန်းသူဇာအောင် [၁၂/သကတ(နိုင်)၁၉၂၈၁၆] ကိုင်ဆောင်သူမှ ဥပဒေနှင့်အညီ နောက်ဆုံး လက်ဝယ်ပိုင်ဆိုင်သူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်စိုးလဲ့လဲ့ဦး[၁၂/အလန(နိုင်)၀၂၄၂၈၀] ကိုင်ဆောင်သူမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ရေးဆိုင်မှ စာရွက်စာတမ်းမူရင်းများဖြင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သက်နှင်းပွင့် (LL.B), WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၈၆၈)**
**အမှတ်(၁၂၇)၊ မာဃလမ်း၊ (၄၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၂၅၃၂၅၀၃**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရေတာရှည်ရပ်ကွက်၊ နန္ဒာဝန်လမ်းပေါ်ရှိ နှစ် ၆၀ ဒေါ်မိမိ အမည်ပေါက် မြေငှားဂရန်မြေ၏ မြေကွက်အမှတ် (၅၂)တွင် ဆောက်လုပ်ထားသော တိုက်အမှတ်(၁၀၀) A-7၊ ဆဌမထပ်၊ (၇)လွှာ၊ (၁၂ပေခွဲ x ၅၅ပေ)တိုက်ခန်းအား ရောင်းချသူ ဒေါ်ဟန်နီဇော် [၁၂/ဗဟန(နိုင်) ၁၀၃၉၂၂] ကိုင်ဆောင်သူမှ ပိုင်ဆိုင်မှု အရှုပ်အရှင်းတစ်စုံတစ်ရာ ကင်းရှင်းကြောင်း ဝန်ခံကတိပြုရောင်းချသဖြင့် ဝယ်ယူသူ ကျွန်ုပ်၏မိတ်ဆွေများမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ရောင်းချသူထံ ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အဆိုပါအရောင်းအဝယ်ပြုလုပ်သည့် တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ်၍ လာရောက်ကန့်ကွက်နိုင်ပြီး အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသိဒ္ဓိအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၆၁၈)**
**အမှတ်(၁၄၃)၊ ဒုတိယထပ်၊ ၃၇-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၃၁၂၂၈၂၆**

---

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ အနော်ရထာလမ်းမပေါ်၊ တိုက်အမှတ် (၈၁၈၅)၊ အဘ ဦးထွန်းအောင်၊ အမိ ဒေါ်သန်းနွဲ့(၁၂/ဒပန(နိုင်)၀၂၁၈၄၀) တို့၏ သားငယ်ဖြစ်သူဦးနိုင်လင်း(၁၂/ဒလန(နိုင်) ၀၅၉၇၇၄)သည် မိခင်ဖြစ်သူ၏ ဆိုဆုံးမစကားအားနာခံခြင်း မရှိသည့်အပြင် ပတ်ဝန်းကျင်နှင့် မိဘဆွေမျိုးများကြားတွင် အရှက်တကွဲအကျိုးနည်းအောင် နေ့စဉ်ရက်ဆက်ပြုလုပ်နေပြီး သွာနုတ္တသားအဖြစ်ကဲ့သို့ မိခင် ဖြစ်သူ အပေါ်ပြုမူနေသဖြင့် ၎င်းအားယနေ့မှစ၍အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်ကြောင်း ကြော်ငြာအပ်ပါသည်။ ဦးနိုင်လင်းနှင့် ပတ်သက်သည့် စီးပွားရေး၊ လူမှုရေး၊ ငွေရေးကြေးရေး အရှုပ်အရှင်းများ၊ အခြားသောကိစ္စ အဝဝတို့သည် မိသားစုနှင့် မသက်ဆိုင်ကြောင်းနှင့် ၎င်းကိစ္စများနှင့် ပတ်သက်၍ မိခင်ဖြစ်သူ မှတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။
စုံစမ်းမေးမြန်းခြင်း သည်းခံပါ။

လွှဲအပ်ညွှန်ကြားချက်အရ -

လွှဲအပ်ညွှန်ကြားသူ
ဒေါ်သန်းနွဲ့(မိခင်)

ဒေါ်ဖြိုးနန္ဒာဦး LL.B, WIPO (Switzerland)
အထက်တန်းရှေ့နေ
(စဉ် ၅၂၉၅၁/၂၀၂၀)

အမှတ်(၁၅၃)၊၅လွှာA၊ ဆိပ်ကမ်းသာလမ်း၊ရန်ကုန်မြို့။ ဖုန်း ၀၉ - ၉၇၉၃၄၄၂၇၄၊

---

## ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(၁၈-ရွှေပေါက်ကံ စက်မှုဇုန်)၊ မြေကွက်အမှတ် (၂၂၆)၊ ဧရိယာ(၀.၂၄၃ ဧက)ရှိ နှစ် (၆၀) ဂရန်မြေကွက်နှင့်ယင်းမြေကွက် ပေါ်ရှိ အမှတ်(၂၂၆)၊ ဗိုလ်တေဇလမ်း၊ (၁၈)ရပ်ကွက်၊ ရွှေပေါက်ကံ စက်မှုဇုန်၊ မြောက်ဥက္ကလာပမြို့နယ် ဟုခေါ်တွင်သည့် အဆောက်အဦ အပါအဝင်၊ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို အရောင်းအဝယ် ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါသည်

အထက်လိပ်စာပါ မြေကွက်နှင့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးထွန်းကြည် (MTA-021742)နှင့် ဒေါ်သီလှိုင် [၁၂/ဥကတ(နိုင်)၀၁၄၆၃၆]တို့(၂)ဦး အမည်ဖြင့် မှတ်သားတည်ရှိနေပါသည်။ ဦးထွန်းကြည်မှာ ကွယ်လွန်သွားခဲ့ပြီးဖြစ်၍ တစ်ဦးတည်းသော ကျန်ရစ်သူဇနီးဖြစ်သည့် ဒေါ်သီလှိုင်မှ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ တရားဝင် အမွေဆက်ခံပိုင်ဆိုင်လျက်ရှိပါသည်။ တရားဝင်အမွေဆက်ခံပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သီလှိုင်ထံမှ ဒေါ်ကေသွယ်မိုး [၁၂/သလန(နိုင်)၀၁၀၄၆၉]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ ပြည်စုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက မြေကွက်နှင့် အဆောက်အဦအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ကေသွယ်မိုး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာလာ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၂၀)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း - ၀၉-၅၁၈၁၈၂၀**

---

## အမည်(၂)မျိုးဖြစ်သော်လည်း လူတစ်ဦးတည်းဖြစ်ကြောင်း

ကျွန်မဒေါ်စမ်းစမ်းအေးမှာ ရန်ကုန်တိုင်းဒေသကြီး၊ မရန်းကုန်းခရိုင်၊ မြောက်ဥက္ကလာပမြို့နယ်ရှိ အ.မ.က(၄၃)တွင် မူလတန်းပြရာထူးဖြင့် တာဝန်ထမ်းဆောင်နေသော ဆရာမတစ်ဦးဖြစ်ပါသည်။ ကျွန်မ ဒေါ်စမ်းစမ်းအေး၏ အခြေခံပညာအဆင့်မြင့်တန်းစာမေးပွဲအောင်လက်မှတ်မူရင်းတွင် ဒေါ်စန်းစန်းအေးဟုဖော်ပြထားသော်လည်း ကျွန်မ၏နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း၊ သန်းခေါင်စာရင်းမူရင်း၊ ပညာရေးဝန်ထမ်း မှတ်ပုံတင်ကတ်မူရင်း၊ ဘွဲ့လက်မှတ်မူရင်းတို့တွင် ဒေါ်စမ်းစမ်းအေးဟု ဖော်ပြထားရာ အမည်(၂)မျိုးဖြစ်နေသော်လည်း ကျွန်မတစ်ဦးတည်းသာဖြစ်ပါသည်။

**ဒေါ်စမ်းစမ်းအေး**
**[၁၂/ဥကမ(နိုင်)၁၃၄၂၅၇]**

---

## "စာရေးဆရာ၊ အဆိုတော်၊ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီသုမောင်၏ အနုပညာလက်ရာများနှင့် ပတ်သက်၍ အထူးသတိပေးကြေညာချက်"

စာရေးဆရာ၊ အဆိုတော်၊ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီသုမောင်၏ ဆောင်းပါး၊ ကဗျာ၊ ဝတ္ထုတို၊ ဝတ္ထုရှည် အပါအဝင် စာပေလက်ရာများ၊ သီဆိုအသံသွင်းခဲ့သောတေးသီချင်းများ၊ အသံလွှင့်ဟောပြောချက်များ၊ ရုပ်ရှင်၊ ဗီဒီယို၊ ဓာတ်ပုံစသည့် အနုပညာရှင်သုမောင်၏ အနုပညာလက်ရာများ၏ အနုပညာမူပိုင်ခွင့် (Copyright) ကို သမီးကြီးဖြစ်သူ **ဒေါ်စိုးအိမ်သူ [၁၂/သဃက (နိုင်) ၁၄၂၈၅၆]** အား မူပိုင်အဖြစ် မိသားစုဝင်များအားလုံးက လွှဲအပ်ထားပြီးဖြစ်ပါသည်။ (ဒေါ်စိုးအိမ်သူအား ဆက်သွယ်ရန် ဖုန်းနံပါတ်မှာ ၀၉-၅၁၀၉၆၁၁၅ ဖြစ်ပါသည်။)

ယခုအခါ Facebook၊ You Tube၊ Tik Tok အပါအဝင် အခြားသော Social Media အသီးသီး၌ အနုပညာရှင် သုမောင်၏လက်ရာများကို မိသားစုထံမှ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ အနုပညာပုံစံအမျိုးမျိုးဖြင့် ယူငင်သုံးစွဲနေသည်ကို တွေ့မြင်ရပါသည်။ ထိုသို့ ပြုလုပ်ခြင်းမှာ အနုပညာရှင် သုမောင်၏ အနုပညာကို အလွဲသုံးစားပြုခြင်း၊ အနုပညာသိက္ခာကို တန်ဖိုးမထားခြင်းများဖြစ်ပြီး **"စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေ -၂၀၁၉"** အပါအဝင် တည်ဆဲဥပဒေများကို ချိုးဖောက်ခြင်းဖြစ်ပါသည်။ သို့ပါ၍ ယနေ့မှစ၍ အနုပညာရှင် သုမောင်၏ အနုပညာလက်ရာပစ္စည်းများကို ယူငင် သုံးစွဲမည်ဆိုပါက မူပိုင်ရှင်ဒေါ်စိုးအိမ်သူ၏ ခွင့်ပြုချက်ကိုရယူ အသုံးပြုကြရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

**ဒေါ်စိုးအိမ်သူ၏ လွှဲအပ်ချက်အရ**
**ဦးအောင်စိုး**
**B.A., R.L., D.B.L., D.M.L., D.I.L.,**
**Diploma in International Business Organisation (UK)**
**Diploma in International Intellectual Property Law (UK)**
**နိုင်ငံတော်ပဗ္ဗလစ်နှင့်တရားလွှတ်တော်ရှေ့နေ (စဉ်-၂၁၈၂/၈၂)**
**အမှတ်(၂၆)၊ ပထမထပ်၊ မြို့သစ်(၁)လမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၄၅၃၈၉၀၇၉၂**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြို့သစ်(က+ခ) ရပ်ကွက်၊ (က/၂)လမ်း၊ အမှတ် (၆၅) နေ ဦးအောင်မျိုးခိုင် [၇/သနပ(နိုင်)၀၆၂၀၈၄] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ပေါက်တောရပ်ကွက်၊ မြောင်းကြီးလမ်း၊ အမှတ် (၃၈) ဟုခေါ်တွင်သော မြေကွက်၏အရှေ့ဘက်အခြမ်း၊ အကျယ်အဝန်း (၄၀ x ၅၀) ပေရှိ မြေနှင့်အကျိုးခံစားခွင့် အရပ်ရပ်အား အပြီးအပိုင်ရောင်းချခွင့်ရှိသော ဒေါ်သိန်းသိန်းဝင်း [၁၂/လမန(နိုင်) ၀၅၈၂၇၂]ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးအောင်မျိုးခိုင် [၇/သနပ(နိုင်)၀၆၂၀၈၄] ကိုင်ဆောင်သူက ဝယ်ယူရန် စရန်ငွေအချို့ ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိရှိ စေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခင်သန္တာ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၆၂၈၃)**
**အမှတ် (၁၁၉၂)၊ (ခ/၁) လမ်း၊ မြို့သစ် (က+ခ) ရပ်ကွက်၊ အင်းစိန်မြို့နယ်။**
**ဖုန်း - ၀၉-၅၀၈၃၈၈၆**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၇၉) ရပ်ကွက်၊ ရွှေဝတီလမ်းသွယ်လမ်း၊ အမှတ်-၃၆၇၊ မြေတိုင်းရပ်ကွက်အမှတ်-၇၉၊ မြေကွက်အမှတ်-၃၆၇၊ ဧရိယာ(၀.၀၅၅)ဧက၊ အကျယ်အဝန်း (အလျား ၄၀ ပေ x အနံ ၆၀ ပေ )အကျယ်ရှိ ဒေါ်ချောငြိမ်းငြိမ်းဇော် အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအမျိုးအစားမြေနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အမည်ပေါက် ဒေါ်ချောငြိမ်းငြိမ်းဇော်ထံမှ ဝယ်ယူထားသူ ဦးသိန်းဇော်လင်း [၁၂/ရကန(နိုင်)၀၁၅၂၄၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ အခြားခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကြော်ငြာပါသတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးအေးမြင့် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၅၈)**
**အမှတ်-၅၀၊ ပထမထပ်၊ အခန်းအမှတ်(A-1)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၆၄၆၆၇**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆/၁)၊ မြေကွက်အမှတ်(၁၀၂၄/ခ)၊ အကျယ်အဝန်း ဧရိယာ(၁၂၀၀)စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ ယခုအခေါ်ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (၁၆/၁)ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ အမှတ်(၁၀၂၄/ခ)ဟု ခေါ်တွင်သော အိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်စိုးသိင်္ဂီဦးနှင့် ဒေါ်သန္တာချိုတို့အမည်ဖြင့် တရားဝင်အမည်ပေါက်ထားပြီး အမည်ပေါက်ထားသူများထံမှ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်အမှတ်(၄၄၃၁/၂၀၂၅)အရ တရားဝင် ဝယ်ယူလက်ရှိပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဟွယ်ချွင်း [၁၃/ကခန(နိုင်)၀၁၆၂၄၈]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေနှင့်အိမ်တန်ဖိုးငွေ၏ စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့် အိမ်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤသတင်းစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| ဒေါ်မြလှဲ့ဝင်း(LL.B) | ဒေါ်အေးအေးသိန်း(B.A, PGDL) | ဒေါ်စန်းမြသက်(B.Sc, PGDL) |
|---|---|---|
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ်-၁၉၂၁၂) | (စဉ်-၅၆၅၆၆) | (စဉ်-၅၆၅၆၅) |

**အမှတ်-၄၆၈၊ အောင်မြေသာလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**Ph-၀၉-၅၁၅၁၈၃၃၊ ၀၉-၅၀၉၀၅၅၃၊ ၀၉-၈၉၉၂၉၉၂၅၅**

---

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာစာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၇၊ မြေကွက်အမှတ်-၃၈၀၊ အကျယ်အဝန်း (၄၀' x ၆၀') ဦးဟန်မြင့် (CF-075798) အမည်ပေါက် ပါမစ်မြေကွက်အတွင်းမှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်အမှတ်-၃၇၉ နှင့်ကပ်လျက်အခြမ်း၊ (၂၅'x၆၀')ရှိ မြေချပါမစ်(မူရင်းခြမ်း) မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသည်ဟု အဆိုပြုကာ ရောင်းချလိုကြောင်း ကမ်းလှမ်းလာသူ ဒေါ်နီနီ[၁/မညန(နိုင်)၀၀၁၁၃၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးပြည့်ဖြိုးထွန်း [၅/တလတ(နိုင်)၀၈၁၇၀၇]၊ ဒေါ်သူဇာဝင်း[၁၂/သဃက(နိုင်)၁၈၁၉၄၀]တို့မှ ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်နေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်စုစုဖြိုး (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၅၀၄)**
**အမှတ်-(၇၆၁)၊ သိန္ဓိလမ်း၊ (၄၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၉၂၅၄၇၀၈**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၈)၊ (၁၉)ရပ်ကွက်၊ စံပယ်လမ်း၊ မြေကွက်အမှတ်(၇၄၁/ခ)ဟုခေါ်တွင်သော အကျယ်အဝန်း(၂၀x၆၀)ပေရှိ ဦးခင်မောင်ဆွေ အမည်ပေါက် ပါမစ်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးတင်ထွန်းနိုင် [၁၂/ရပသ(နိုင်)၁၁၁၆၉၀]ကိုင်ဆောင်သူမှ ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေ ဦးစိုးသူ [၈/ရနခ(နိုင်)၁၀၈၀၁၅]မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိုးသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြူဝေဝေအောင် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၂၅၀)**
**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၇၇၂၉၁၇၇၅၊ ၀၉-၄၅၄၁၆၃၀၉**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိရှိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၉)ရပ်ကွက်၊ မဟာမြိုင်လမ်းမကြီး၊ မြေတိုင်းရပ်ကွက်အမှတ် (၃)၊ မြေကွက်အမှတ် (၄၅၀/က)၊ ဦးစိန်မောင်အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်(မူရင်း) မြေအကျယ်အဝန်း အလျား (၂၀)ပေ x အနံ(၆၀) ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် ရေ၊ မီးအပြည့်အစုံ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူများဖြစ်သော ဦးချစ်ကိုကို [၉/နထက(နိုင်)၁၄၅၀၂၁]ထံမှ ကျွန်ုပ်မိတ်ဆွေများဖြစ်သော ဦးကျော်မျိုးထွန်း [၁၂/ရပသ(နိုင်)၀၉၁၅၀၇]က အပြီးအပိုင်ဝယ်ယူရန်အတွက် (စရန်ငွေ)တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသည်ဟုအဆိုရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| ဒေါ်ညိမ်းညိမ်းထွေး (LL.B, DBL) | ဒေါ်အေးငြိမ်းသူ (LL.B) |
|---|---|
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၃၁၅) | အထက်တန်းရှေ့နေ(စဉ်-၅၃၂၃၉) |

**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။ ဖုန်း-၀၉-၇၉၃၉၆၇၂၈၄**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်း/တောင်ရပ်ကွက်၊ မင်းလမ်း၊ အမှတ်(၂၉)ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ၊ (၆)ထပ်တိုက်၏ ပထမထပ်(၂-လွှာ/အေ)၊ (ခေါင်းရင်းခန်း) အကျယ်အဝန်း (၁၂½ x ၆၀) ပေရှိ RC တိုက်ခန်း(တစ်)ခန်းနှင့် ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်မော်တာအပါအဝင် အကျိုးခံစားခွင့်များအားလုံးကို ဝယ်ယူရန် အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင် လက်ရှိထား၍ ယခုရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြသော (၁) ဦးကျော်မျိုးထွန်း [၁၂/မဂတ(နိုင်)၀၈၂၆၈၉]၊ (၂) ဦးနေထွန်းအောင် [၁၂/လသန(နိုင်)၀၁၉၇၈၀] တို့အား ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်သန္တာ [၉/မနမ(နိုင်)၀၀၄၉၇၉] မှ တိုက်ခန်းရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်း(မူရင်း)များနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါတိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဥပဒေနှင့်အညီ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စိုးစိုးမြင့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၀၆၃)**
**အမှတ် (၈၆)၊ ၇-လွှာ (စီ)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း ၀၉ - ၄၂၁၀၃၅၉၆၃၊ ၀၉-၇၉၃၀၂၇၆၇၇**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်း/မြောက်ရပ်ကွက်၊ ပန်းခြံလမ်း၊ အမှတ်(၁၃)ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ၊ (၈)ထပ်တိုက်၏ ပထမထပ်(၂-လွှာ)၊ (ခြေရင်းခန်း) (တိုက်ကိုမျက်နှာမူလျှင် လက်ယာဘက်အခန်း)၊ အကျယ်အဝန်း(၁၅ x ၆၀)ပေရှိ RC တိုက်ခန်း(တစ်)ခန်းနှင့် ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်မော်တာ၊ အပါအဝင် အကျိုးခံစားခွင့်များအားလုံးကိုဝယ်ယူရန် အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိထား၍ ယခုရောင်းချပိုင်ခွင့်ရှိသူ ဦးပြည့်စိုးအောင် [၁၂/သဃက(နိုင်)၀၆၁၇၃၇]အား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သန္တာ [၉/မနမ(နိုင်)၀၀၄၉၇၉]မှ တိုက်ခန်းရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်း(မူရင်း)များနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ်ဆက်လက်ချုပ်ဆို၍ ဥပဒေနှင့်အညီ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စိုးစိုးမြင့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၀၆၃)**
**အမှတ် (၈၆)၊ ၇-လွှာ (စီ)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း ၀၉ - ၄၂၁၀၃၅၉၆၃၊ ၀၉-၇၉၃၀၂၇၆၇၇**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးတက္ကသိုလ်-မန္တလေး
## ဆေးပညာဒီပလိုမာနှင့် ဆေးပညာမဟာသိပ္ပံဘွဲ့လွန် သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၆ ပညာသင်နှစ်အတွက် ဆေးတက္ကသိုလ်-မန္တလေးတွင် ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါ ဘွဲ့လွန်သင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူ နိုင်ငံ့ဝန်ထမ်းဆရာဝန်များ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်-

**(က) ဆေးပညာဒီပလိုမာသင်တန်း**

| စဉ် | သင်တန်းအမည် | | သင်တန်းကာလ |
|---|---|---|---|
| (၁) | ဆေးလက်တွေ့ဆိုင်ရာ ဆေးဝါးဗေဒဒီပလိုမာ | Dip.Med.Sc (Clinical Pharmacology) | ၁-နှစ် |
| (၂) | တီဘီနှင့် ရင်ခေါင်းရောဂါကုပညာဒီပလိုမာ | Dip.Med.Sc (TB & Chest Diseases) | ၁-နှစ် |

**(ခ) ဆေးပညာမဟာသိပ္ပံသင်တန်းများ**

| စဉ် | သင်တန်းအမည် | | သင်တန်းကာလ |
|---|---|---|---|
| (၁) | ဆေးပညာမဟာသိပ္ပံ (ခန္ဓာဗေဒ) | M.Med.Sc (Anatomy) | ၂-နှစ် |
| (၂) | ဆေးပညာမဟာသိပ္ပံ (ဇီဝကမ္မဗေဒ) | M.Med.Sc (Physiology) | ၂-နှစ် |
| (၃) | ဆေးပညာမဟာသိပ္ပံ (ဆေးဝါးဗေဒ) | M.Med.Sc(Pharmacology) | ၂-နှစ် |
| (၄) | ဆေးပညာမဟာသိပ္ပံ (ကာကွယ်ရေးနှင့် အပူပိုင်းဆေးပညာ) | M.Med.Sc (Preventive and Tropical Medicine) | ၂-နှစ် |
| (၅) | ဆေးပညာမဟာသိပ္ပံ (ဆေးလက်တွေ့ဆိုင်ရာ ဇီဝဓာတုဗေဒ) | M.Med.Sc (Clinical Biochemistry) | ၃-နှစ် |
| (၆) | ဆေးပညာမဟာသိပ္ပံ (အဏုဇီဝဗေဒ) | M.Med.Sc (Microbiology) | ၃-နှစ် |
| (၇) | ဆေးပညာမဟာသိပ္ပံ (ရောဂါဗေဒ) | M.Med.Sc (Pathology) | ၃-နှစ် |
| (၈) | ဆေးပညာမဟာသိပ္ပံ (ဥပဒေရေးရာဆေးပညာ) | M.Med.Sc (Medical Jurisprudence) | ၃-နှစ် |
| (၉) | ဆေးပညာမဟာသိပ္ပံ (ကင်ဆာရောဂါဆေးပညာ) | M.Med.Sc (Medical Oncology) | ၃-နှစ် |
| (၁၀) | ဆေးပညာမဟာသိပ္ပံ (ကင်ဆာရောဂါ ဓာတ်ရောင်ခြည်ဆေးကုပညာ) | M.Med.Sc (Radiation Oncology) | ၃-နှစ် |
| (၁၁) | ဆေးပညာမဟာသိပ္ပံ (အဏုမြူရောင်ခြည် ဆေးပညာ) | M.Med.Sc (Nuclear Medicine) | ၃-နှစ် |
| (၁၂) | ဆေးပညာမဟာသိပ္ပံ (နား၊နှာခေါင်း၊လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်း ခွဲစိတ်ကုပညာ) | M.Med.Sc (Otorhinolaryngology Head & Neck Surgery) (ORLHNS) | ၃-နှစ် |
| (၁၃) | ဆေးပညာမဟာသိပ္ပံ (မေ့ဆေးပညာ) | M.Med.Sc (Anaesthesiology) | ၃-နှစ် |
| (၁၄) | ဆေးပညာမဟာသိပ္ပံ (ကိုယ်အင်္ဂါ ပြန်လည်သန်စွမ်းရေးဆေးပညာ) | M.Med.Sc (Rehabilitation Medicine) | ၃-နှစ် |
| (၁၅) | ဆေးပညာမဟာသိပ္ပံ (အရေပြားရောဂါပညာ) | M.Med.Sc (Dermatology) | ၃-နှစ် |
| (၁၆) | ဆေးပညာမဟာသိပ္ပံ (မျက်စိရောဂါပညာ) | M.Med.Sc (Ophthalmology) | ၃-နှစ် |
| (၁၇) | ဆေးပညာမဟာသိပ္ပံ (စိတ်ကျန်းမာပညာ) | M.Med.Sc (Mental Health) | ၃-နှစ် |
| (၁၈) | ဆေးပညာမဟာသိပ္ပံ (ဆေးပညာ) | M.Med.Sc (Internal Medicine) | ၃-နှစ် |
| (၁၉) | ဆေးပညာမဟာသိပ္ပံ (ခွဲစိတ်ကုပညာ) | M.Med.Sc (Surgery) | ၃-နှစ် |
| (၂၀) | ဆေးပညာမဟာသိပ္ပံ (သားဖွားနှင့်မီးယပ်ပညာ) | M.Med.Sc (Obstetrics and Gynaecology) | ၃-နှစ် |
| (၂၁) | ဆေးပညာမဟာသိပ္ပံ (ကလေးကျန်းမာပညာ) | M.Med.Sc (Paediatrics) | ၃-နှစ် |
| (၂၂) | ဆေးပညာမဟာသိပ္ပံ (အရေးပေါ်ကုသမှု ဆေးပညာ) | M.Med.Sc (Emergency Medicine) | ၃-နှစ် |
| (၂၃) | ဆေးပညာမဟာသိပ္ပံ (ရင်ခေါင်းခွဲစိတ်ကုပညာ) | M.Med.Sc (Thoracic Surgery) | ၄-နှစ် |
| (၂၄) | ဆေးပညာမဟာသိပ္ပံ (ဦးနှောက်နှင့် အာရုံကြော ခွဲစိတ်ကုပညာ) | M.Med.Sc (Neurosurgery) | ၄-နှစ် |
| (၂၅) | ဆေးပညာမဟာသိပ္ပံ (ကျောက်ကပ်နှင့် ဆီးလမ်းကြောင်း ရောဂါ ခွဲစိတ်ကုပညာ) | M.Med.Sc (Urology) | ၄-နှစ် |
| (၂၆) | ဆေးပညာမဟာသိပ္ပံ (နှလုံးနှင့်သွေးကြော ခွဲစိတ်ပညာ) | M.Med.Sc (Cardiovascular Surgery) | ၄-နှစ် |
| (၂၇) | ဆေးပညာမဟာသိပ္ပံ (အရိုးရောဂါပညာ) | M.Med.Sc (Orthopaedics) | ၄-နှစ် |
| (၂၈) | ဆေးပညာမဟာသိပ္ပံ (ဓာတ်မှန်ပညာ) | M.Med.Sc (Radiology) | ၄-နှစ် |

၂။ **လိုအပ်သောအရည်အချင်း**

(က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ဆေးပညာဒီပလိုမာနှင့် ဆေးပညာမဟာသိပ္ပံ သင်တန်းများအတွက် အမ်ဘီဘီအက်စ်ဘွဲ့ (သို့မဟုတ်) မြန်မာနိုင်ငံဆေးကောင်စီမှ အသိအမှတ်ပြုထားသော အလားတူဘွဲ့ ရရှိထားသူဖြစ်ရမည်။

(ဂ) ဆေးပညာမဟာသိပ္ပံ သင်တန်းများအတွက် လျှောက်လွှာပိတ်သည့်ရက်တွင် လုပ်ငန်းစတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ အနည်းဆုံး လုပ်သက် (၁)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။

(မှတ်ချက်။ **ခန္ဓာဗေဒ၊ ဇီဝကမ္မဗေဒ၊ ဆေးလက်တွေ့ဆိုင်ရာဇီဝဓာတုဗေဒ၊ အဏုဇီဝဗေဒ၊ ရောဂါဗေဒ၊ ဆေးဝါးဗေဒ၊ စိတ်ကျန်းမာပညာ၊ ဥပဒေရေးရာဆေးပညာ၊ ကင်ဆာရောဂါဓာတ်ရောင်ခြည်ဆေးကုပညာ၊ အဏုမြူရောင်ခြည်ဆေးပညာနှင့် မေ့ဆေးပညာ** မဟာသိပ္ပံသင်တန်းများအတွက် လုပ်သက်သတ်မှတ်ချက်မရှိ လျှောက်ထားနိုင်သည်။)

(ဃ) ဒီပလိုမာ သင်တန်းများအတွက် လျှောက်လွှာပိတ်သည့်ရက်တွင် လုပ်ငန်းစတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ အနည်းဆုံး လုပ်သက် (၁)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။

(င) ဆေးပညာမဟာသိပ္ပံသင်တန်းများအတွက် လျှောက်လွှာပိတ်သည့်ရက်တွင် အသက် (၄၅)နှစ်နှင့် ဒီပလိုမာသင်တန်းများအတွက် အသက် (၅၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(စ) ဆေးလက်တွေ့ဆိုင်ရာ ဆေးဝါးဗေဒဒီပလိုမာ သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ(ဆေးဝါးဗေဒ)ဘွဲ့ ရရှိထားသူဖြစ်ရမည်။

(ဆ) ဒီပလိုမာဘွဲ့ရရှိပြီးနောက် အနည်းဆုံး(၂)နှစ်နှင့် ဆေးပညာမဟာသိပ္ပံဘွဲ့ ရရှိပြီးနောက် အနည်းဆုံး (၅)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(ဇ) သတ်မှတ်ထားသော သင်တန်းကာလကို အချိန်ပြည့်တက်ရောက်နိုင်သူ ဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်ရက်မှာ **(၂၉-၈-၂၀၂၅)ရက် (သောကြာနေ့)**ဖြစ်ပါသည်။

၄။ ဘွဲ့လွန်ဆေးပညာသင်တန်းဝင်ခွင့်တွင် အင်္ဂလိပ်စာဘာသာရပ်ကို ထည့်သွင်းစစ်ဆေးခြင်းမပြုသော်လည်း သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း တစ်နှစ်လျှင် နှစ်ကြိမ်စစ်ဆေးမည့် အင်္ဂလိပ်စာဘာသာရပ်ကျွမ်းကျင်မှု အရည်အချင်းစစ်စာမေးပွဲ (၂)နာရီမေးခွန်းကို ဖြေဆိုရမည်။ အင်္ဂလိပ်စာ ဘာသာရပ်အရည်အချင်းစစ်စာမေးပွဲအောင်မြင်ကြောင်း တင်ပြနိုင်မှသာ ဘွဲ့ရအောင်စာရင်းကို ထုတ်ပေးမည်။

၅။ လျှောက်လွှာကို သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး (ညွှန်ကြားရေးမှူးချုပ်/ဦးဆောင်ညွှန်ကြားရေးမှူး)မှတစ်ဆင့် လျှောက်ထားရမည်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး၏ ထောက်ခံချက်ပါရှိရမည်။ သတ်မှတ်ချက်အတိုင်း လျှောက်ထားခြင်းမရှိသည့် လျှောက်လွှာများကို လုံးဝထည့်သွင်း စဉ်းစားခြင်းမပြုပါ။

၆။ ကြိုတင်မိတ္တူတစ်စောင်ကို ငွေသွင်းချလန်မူရင်းနှင့်တကွ ဆေးတက္ကသိုလ်-မန္တလေး၊ ပါမောက္ခချုပ်ထံ လိပ်မူ၍ မပျက်မကွက်ပေးပို့ရမည်။

၇။ ဝင်ခွင့်ရေးဖြေစာမေးပွဲစစ်ဆေးမည့်ရက်မှာ **(၁၇-၁၀-၂၀၂၅)ရက် (သောကြာနေ့)**ဖြစ်ပါသည်။

၈။ ဘွဲ့လွန်သင်တန်းဝင်ခွင့် လျှောက်ထားသူများသည် ဘွဲ့လွန်သင်တန်းဝင်ခွင့် စာမေးပွဲကြေး ကျပ်- ၁၀၀၀၀/-(ကျပ်တစ်သောင်း)တိတိကို ဆေးတက္ကသိုလ်-မန္တလေး၏ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၂)၊ မန္တလေးမြို့တွင် ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ် MD-၀၁၀၀၆၃ သို့ ပေးသွင်းရမည်။

(မှတ်ချက်။ မြို့နယ်မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၂) မန္တလေးမြို့တွင် ဖွင့်လှစ်ထားသည့် ဆေးတက္ကသိုလ်-မန္တလေး၏ ငွေစာရင်းအမှတ် MD-၀၁၀၀၆၃ သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။)

၉။ သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပြီးမှ သင်တန်းတက်ရောက်ရန် ပျက်ကွက်လျှင် နောင်ပညာသင်နှစ် (၂)နှစ် ပြည်တွင်း/ပြည်ပ ဘွဲ့လွန်သင်တန်းများသို့ လျှောက်ထားခွင့်မရှိပါ။

၁၀။ သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပြီး တက်ခွင့်ရစာရင်းထုတ်ပြန်ပြီးမှ သင်တန်းကို မတက်ရောက်လျှင်ဖြစ်စေ (မှတ်ပုံတင်ခြင်းပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ)၊ သင်တန်းကို ပြီးဆုံးအောင် မတက်ရောက်လျှင်ဖြစ်စေ၊ သင်တန်းအောင်မြင်ပြီးနောက် သတ်မှတ်ထားသည့်ကာလအတိုင်း နိုင်ငံ့တာဝန်ကို မထမ်းဆောင်လျှင်ဖြစ်စေ သတ်မှတ်ထားသော လျော်ကြေးငွေကို ပေးလျော်ရမည်။

၁၁။ အသေးစိတ်အချက်အလက်များကို ဆေးတက္ကသိုလ်-မန္တလေး၏ Website-www.ummdy.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ (သို့မဟုတ်) အောက်ပါ ဖုန်းနံပါတ်များကို ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်-

ပါမောက္ခချုပ် - ၀၂-၄၀၃၆၆၃၉
ဌာနမှူး(စီမံ/ဘဏ္ဍာ) - ၀၂-၄၀၃၆၆၃၇၊ ၀၂-၄၀၃၉၀၅၀

**ဆေးတက္ကသိုလ်-မန္တလေး**

## မိဘအမည်မှန်

ပဲခူးတိုင်း ဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ချောင်းရင်း အထကကျောင်း၊ Grade-12 မှ မအေးသန္တာလင်း၏ မိဘအမည်မှန်မှာ ဦးဆန်း+ ဒေါ်ခင်မြမော် ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဗိုလ်တထောင်မြို့နယ်၊ အ.ထ.က (၃)၊ Grade-9 တွင် ပညာသင်ကြားနေသော လွေးငွေကြည်ခိုင်၏ ဖခင်အမည်မှန်မှာ စိုင်းငွေပိန်း [၁၃/နခန(နိုင်)၀၆၅၆၄၂]ဖြစ်ပါကြောင်း။

**စိုင်းငွေပိန်း**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မင်းဇော်ဟိန်း [၇/ပတန (နိုင်) ၁၀၁၆၈၁]၏ သင်္ဘောသား လုပ်သက်စာအုပ် (ရန်-၉၇၂၆/၁၆)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၉၃၈၂၆၈၀**

## ပျောက်ဆုံးကြောင်း ကြေညာခြင်း

(ဘ) ဦးဇော်ဂျာ၏ သမီးဖြစ်သူ နော်ခိုင်အိန္ဒြာလင်း ကိုင်ဆောင်သည့် မှတ်ပုံတင်အမှတ် [၃/ဘအန (နိုင်) ၃၀၁၁၄၆]နှင့် နိုင်ငံကူးစာအုပ် အမှတ် (MF 870425)တို့သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးနိုင်ပါရန်။

**ဖုန်း-၀၉-၇၉၃၉၃၁၉၂၄**

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၄/တောင်၊ မြေကွက်အမှတ်- ၆၆၁/က၊ ဧရိယာ (၂၀ပေx၆၀ပေ)၊ မြေကွက်တည်နေရာအမှတ်- ၆၆၁/က၊ မြို့မလမ်း၊ ၄/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဒေါ်ခင်ညွန့် [၁၂/သကတ(နိုင်)၀၇၈၅၇၀] အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား ဒေါ်ခင်သိန်းမှ တရားလိုပြုလုပ်၍ ဒေါ်ခင်ညွန့်အား တရားပြိုင်ထားကာ သာကေတမြို့နယ်၊ တရားရုံး တရားမကြီးမှုအမှတ်- ၂၆/၂၀၂၄ ဖြင့် အနိုင်ဒီကရီချမှတ်သည့် (၈-၅-၂၀၂၄) ရက်စွဲပါ စီရင်ချက်၊ တာဝန်ခံမိတ္တူမှန်၊ တရားမဇာရီမှုအမှတ်-၅၀/၂၀၂၄ ဖြင့် ဘီလစ်ခန့်အပ်ကြောင်း အမိန့်ချမှတ်သည့် (၅-၉-၂၀၂၄)ရက်စွဲပါ တရားရုံးနေ့စဉ်မှတ်တမ်း တာဝန်ခံမိတ္တူမှန်၊ ထုံးပုံကျ အပြီးသတ်အမိန့်၊ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရာတွင် တရားရှုံးကိုယ်စား တရားရုံးအရာရှိအဖြစ် ဘီလစ် ဒေါ်မိုးပပမျိုး [၁၂/ဥကတ (နိုင်) ၁၄၈၈၅၇]က လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း ဌာနသို့ အကြောင်းကြားသည့်စာ၊ ဘီလစ်ခန့်စာ၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ တင်ပြ၍ တရားရုံး ဘီလစ် ဒေါ်မိုးပပမျိုးမှ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးတက္ကသိုလ်-မန္တလေး
## ပြင်ပဆရာဝန်များအတွက် ဘွဲ့လွန်ဒီပလိုမာသင်တန်း ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၆ ပညာသင်နှစ်အတွက် ဆေးတက္ကသိုလ်-မန္တလေးတွင် ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါ ဘွဲ့လွန်ဒီပလိုမာသင်တန်းသို့ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူ ပြင်ပဆရာဝန်များ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်-

| စဉ် | သင်တန်းအမည် | | သင်တန်းကာလ |
|---|---|---|---|
| (၁) | မိသားစုကျန်းမာရေး စောင့်ရှောက်မှု ဆေးပညာဒီပလိုမာ | Dip.Med.Sc (Family Medicine) | ၁-နှစ် |

၂။ **လိုအပ်သောအရည်အချင်း**

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) မိသားစုကျန်းမာရေးစောင့်ရှောက်မှု ဆေးပညာ ဒီပလိုမာ သင်တန်းအတွက် လက်ရှိတရားဝင် ဆရာဝန်မှတ်ပုံတင်အမှတ်(ဆမ)နှင့် အထွေထွေ ဆေးကုသခွင့်လိုင်စင် သက်တမ်း(၂)နှစ်ပြည့်ပြီး အထွေထွေဆေးကုသခွင့်လိုင်စင် သက်တမ်းတိုး ကိုင်ဆောင်ထားသူ၊ အမ်ဘီဘီအက်စ်(သို့မဟုတ်) မြန်မာနိုင်ငံဆေးကောင်စီမှ အသိအမှတ်ပြုထားသော အလားတူဘွဲ့ ရရှိသူဖြစ်ရမည်။

(ဂ) မိသားစုကျန်းမာရေးစောင့်ရှောက်မှုဆေးပညာ ဒီပလိုမာ သင်တန်းအတွက် အသက် သတ်မှတ်ချက်မရှိပါ။

(ဃ) သတ်မှတ်ထားသော သင်တန်းကြေးများကို ပေးသွင်းရမည်။

(င) သတ်မှတ်ထားသော သင်တန်းစည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာနိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်ရက်မှာ **(၂၉-၈-၂၀၂၅)ရက် (သောကြာနေ့)** ဖြစ်ပါသည်။

၄။ လျှောက်လွှာများကို ငွေသွင်းချလန် မူရင်းနှင့် တကွ ဆေးတက္ကသိုလ်- မန္တလေး၊ ပါမောက္ခချုပ်ထံ လိပ်မူ ၍ ပေးပို့ လျှောက်ထားရမည်။

၅။ ဝင်ခွင့်ရေးဖြေစာမေးပွဲစစ်ဆေးမည့်ရက်မှာ **(၁၇-၁၀-၂၀၂၅) ရက် (သောကြာနေ့)** ဖြစ်ပါသည်။

၆။ ဘွဲ့လွန်ဆေးပညာသင်တန်းဝင်ခွင့် လျှောက်ထားသူများသည် ဘွဲ့လွန်သင်တန်းဝင်ခွင့် စာမေးပွဲကြေး ကျပ်-၁၀၀၀၀/-(ကျပ်တစ်သောင်း)တိတိကို ဆေးတက္ကသိုလ်-မန္တလေး၏ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၂)၊ မန္တလေးမြို့တွင် ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ် MD-၀၁၀၀၆၃ သို့ ပေးသွင်းရမည်။

(**မှတ်ချက်။** မြို့နယ်မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲများမှ တစ်ဆင့်မြန်မာ့စီးပွားရေးဘဏ်၊ဘဏ်ခွဲ(၂) မန္တလေးမြို့တွင် ဖွင့်လှစ်ထားသည့် ဆေးတက္ကသိုလ်-မန္တလေး၏ ငွေစာရင်းအမှတ် MD-၀၁၀၀၆၃ သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။)

၇။ အသေးစိတ်အချက်အလက်များကို ဆေးတက္ကသိုလ်-မန္တလေး၏ Website- www.ummdy.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ (သို့မဟုတ်) အောက်ပါဖုန်းနံပါတ်များကို ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်-

ပါမောက္ခချုပ် - ၀၂-၄၀၃၆၆၃၉
ဌာနမှူး(စီမံ/ဘဏ္ဍာ) - ၀၂-၄၀၃၆၆၃၇၊ ၀၂-၄၀၃၉၀၅၀

**ဆေးတက္ကသိုလ်-မန္တလေး**

## အများသိစေရန်ကြေညာခြင်း
